**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၅၆)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၁၃ ရက်၊ စနေနေ့


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်မည်





နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit)သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် တရုတ်သမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် ပြည်နယ်အကြီးအကဲများနှင့်စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။ ထို့အပြင် စီးပွားရေးကွန်ဖရင့်သို့တက်ရောက်ရန်ရှိပြီး အဆင့်မြင့်နည်းပညာသုံးစက်မှုလုပ်ငန်းများသို့ သွားရောက်လေ့လာသွားမည်ဖြစ်ပါသည်။ ခရီးစဉ်အတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများအကြားစီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်ပါသည်။ မြဝတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့်တာဝန်ရှိသူတို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ **စာမျက်နှာ ၅ ကော်လံ ၁ ☆**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)တို့ တွေ့ဆုံဆွေးနွေး** စာ- ၁၆ သို့

**ဆောင်းပါး**

**ယဉ်ကျေးလိမ္မာ၍ ပညာထူးချွန်သော ပညာထူးချွန်၍ ယဉ်ကျေးလိမ္မာသော မျိုးဆက်များဖြစ်ကြပါစေ** စာ- ၁၃ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၁၃ ရက်)

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတက်ညီလက်ညီပူးပေါင်းဆောင်ရွက်

နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပကတိအခြေအနေနှင့်ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းမှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများပင်ဖြစ်သည်။ ထို့ကြောင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး ဒေသတွင်းမှထွက်ရှိသည့်ကုန်ကြမ်းများဖြင့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့်လူသားအရင်းအမြစ်များသည် MSME လုပ်ငန်းများအတွက်မဖြစ်မနေလိုအပ်သည်။ ပြီးခဲ့သည့်နှစ်များမှစတင်၍ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ MSME ကုန်ထုတ်လုပ်ငန်းများကိုလည်း နိုင်ငံ၏အဓိကစီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့ကိုနှိုင်းယှဉ်ပါက မွေးမြူရေးကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်မှုများအားနည်းလျက်ရှိနေသည်ကို တွေ့မြင်ရသည်။ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှသာလျှင် ပြည်သူများအနေဖြင့် အသား၊ ငါး၊ နို့နှင့် ဥအမျိုးမျိုးတို့ကို သက်သာသောဈေးနှုန်းများဖြင့် ပြည့်ပြည့်ဝဝဝယ်ယူစားသုံးနိုင်မည်ဖြစ်သည်။ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို လိုအပ်သည့်ပမာဏအလိုက် မျှမျှတတစားသုံးနိုင်ရမည်ဖြစ်သည်။ ထိုသို့စားသုံးနိုင်မှသာလျှင် ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် ကိုယ်ခန္ဓာနှင့်ကျန်းမာရေးညီညွတ်မျှတမှုကို ရရှိစေနိုင်မည်ဖြစ်သည်။ အသား၊ ငါးတို့ကိုစားသုံးခြင်းမှရရှိလာမည့် ကျန်းမာရေးဆိုင်ရာအကျိုးကျေးဇူးများကိုလည်းမှန်မှန်ကန်ကန်သိရှိနိုင်ရေးနှင့် ပြည့်ပြည့်ဝဝစားသုံးတတ်စေရေးအသိပညာပေးခြင်းများလည်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ထို့ကြောင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်မှုရှိစေရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရေး၊ အသား၊ ငါးများအား ပြည်ပသို့တင်ပို့နိုင်ရေးစနစ်တကျကြိုးစားအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မွေးမြူရေးနှင့်ပတ်သက်၍လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်တွင် မွေးမြူရေးဇုန်များကို ဖော်ဆောင်ပေးလျက်ရှိသည်။ ဇုန်များအလိုက် သတ်မှတ်ထားသည့်အတိုင်း မွေးမြူထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွင်းအသား၊ ငါးများ၏ဈေးနှုန်းများမှာ ထိုက်သင့်သလောက်ကျဆင်းလာမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းသည် အရင်းအနှီးကြီးမားသည်ဖြစ်သော်လည်း စနစ်တကျဖြင့် စီမံဆောင်ရွက်သွားမည်ဆိုပါက အကျိုးအမြတ်များစွာရရှိစေနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သည်။ အလုပ်ကိုအမှန်တကယ်အောင်မြင်အောင်ဆောင်ရွက်ကြရမည်သာဖြစ်သည်။

အစိုးရအနေဖြင့် မြစ်ချောင်းများအတွင်းသို့ ငါးသယံဇာတများကို နှစ်စဉ်ထည့်သွင်းပေးလျက်ရှိရာ သက်ဆိုင်သူအားလုံးကအမှန်တကယ်အလုပ်လုပ်ရန်လိုအပ်သည်။ ထို့အတူ တစ်ဖက်မှလည်း လုပ်ငန်းဆောင်ရွက်နိုင်သူများက မွေးမြူရေးဇုန်များကိုအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့်မွေးမြူရေးလုပ်ငန်းများတိုးတက်လာစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်သည်။

နိုင်ငံ၏အခြေအနေအရ MSME ကို ဗဟိုပြု၍ နိုင်ငံ၏စီးပွားရေးကိုမြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အလားတူ အကြီးစားစီးပွားရေးလုပ်ငန်းများဖြစ်သည့် သံနှင့်သံမဏိလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာပစ္စည်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ခြင်းများစသည့် နည်းပညာကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများကို အဆင့်မြင့်ပညာပြီးဆုံးပြီးဖြစ်သည့် ပညာတတ်လူသားအရင်းအမြစ်များဖြင့် ဆောင်ရွက်သွားရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန်လ ၉ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင်အမှာစကားပြောကြားစဉ် **“လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အရှိန်အဟုန်ကောင်းကောင်းဖြင့် ခိုင်ခိုင်မာမာလျှောက်လှမ်းနေပြီဖြစ်ကြောင်း၊ လုပ်ဆောင်ချက်များအားလုံးကို မရေမရာဖြင့် စမ်းတဝါးဝါးဆောင်ရွက်နေခြင်းမဟုတ်ဘဲ တိကျခိုင်မာသည့် ဦးတည်ချက်၊ ရည်မှန်းချက်များထားရှိပြီး မိမိတို့ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများဖြင့် အကောင်းဆုံးအသုံးချဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့အပါအဝင်တာဝန်ရှိသူများအားလုံးအနေဖြင့် မိမိတို့သက်ဆိုင်ရာတာဝန်ယူထားရသည့် လုပ်ငန်းများအားလုံးအောင်မြင်မှုရှိစေရေး အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက်လည်း အဓိကကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် ပြည်သူများတွင်ဥစ္စာဓနများပေါများစေခြင်းပင်ဖြစ်၍ ဥစ္စာဓနများပေါများစေရေးအတွက်လည်းဆောင်ရွက်လျက်ရှိသည်။ အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များကဆောင်ရွက်ပေးရသည်များရှိသကဲ့သို့ ပြည်သူလူထုအနေဖြင့်လည်း ကိုယ်တိုင်ကိုယ်ကျဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

# ပျော်ဘွယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

ပျော်ဘွယ် ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ COVID-19 Vaccine COMIRNATY LP.8.1 ကိုအသုံးပြုပြီး စုရပ်များခွဲ၍ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၁၁ ရက် နံနက်ပိုင်းတွင် ထန်းတောကြီးကျေးရွာစုရပ်၌ ထိုးနှံပေးသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှဲ့လှဲ့အောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်မျှမထိုးနှံရသေးသော အသက် ၁၈ နှစ်အထက်ရှိသူများ၊ နောက်ဆုံးအကြိမ်ထိုးနှံပြီးစီးမှုကာလ ခြောက်လပြည့်ပြီးသောဝန်ထမ်းများ၊ အသက် ၁၈ နှစ်မှ ၅၀ နှစ်အထက် နာတာရှည်ရောဂါရှိသူများ၊ အသက် ၆၀ နှစ်အထက်ရှိသူများ၊ နောက်ဆုံးအကြိမ် ထိုးနှံပြီးစီးမှု တစ်နှစ်ပြည့်ပြီးသော အသက် ၁၂ နှစ်အထက် ကိုယ်ခံအားနည်းပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်လိုအပ်သူများအား ထိုးနှံပေးသည်။

ပျော်ဘွယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ပြည်သူ ၅၇၆၀ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(လှိုင်ကော်)ကို သူနာပြုသိပ္ပံ(လှိုင်ကော်)အဖြစ် အဆင့်မြှင့်တင်ရန်ဆောင်ရွက်

လှိုင်ကော် ဇွန် ၁၂

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(လှိုင်ကော်)ကို ၂၀၂၆ ခုနှစ်အတွင်း သူနာပြုသိပ္ပံ(လှိုင်ကော်) အဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ လှိုင်ကော်မြို့ရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (လှိုင်ကော်) ကို အဆင့်မြှင့်တင်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် သူနာပြုသိပ္ပံ(လှိုင်ကော်) ဆိုင်းဘုတ်အသစ်တည်ဆောက်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် သူနာပြုသိပ္ပံအင်္ဂါရပ်နှင့်အညီ စာသင်ဆောင်များဥပဓိရုပ်ကောင်းမွန်စေရေး၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေး၊ စာသင်ခန်းများစနစ်တကျရှိစေရေး၊ ကွန်ပျူတာအခန်းကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့သင်ကြားရေးအခန်းနှင့်စာကြည့်တိုက်တို့အား စနစ်တကျပြင်ဆင်မွမ်းမံနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါသူနာပြုနှင့်သားဖွားသင်တန်းကျောင်း (လှိုင်ကော်)ကို ၁၉၉၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် သူနာပြုဒီပလိုမာများကို စနစ်တကျလေ့ကျင့်သင်ကြားပေးလျက်ရှိရာ ယခုအချိန်အထိ သူနာပြုပေါင်း ၁၃၈၇ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (လှိုင်ကော်) ကို ၂၀၂၆ ခုနှစ်အတွင်း သူနာပြုသိပ္ပံ(လှိုင်ကော်) အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မာထွန်း**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၆-၂၀၂၆(စနေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | | | သူရဲကောင်းများ |
| ၂။ | ၀၇:၁၀ | ဓမ္မပူဇာတေး | ၁၂။ | ၁၃:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၃။ | ၀၇:၂၅ | နုပျိုလှပကျန်းမာဖို့ | ၁၃။ | ၁၄:၁၅ | ကျန်းမာသုတ |
| | | လမ်းလျှောက်ကြပါစို့ | ၁၄။ | ၁၅:၂၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၄။ | ၀၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၅။ | ၁၇:၁၀ | အင်္ဂလိပ်စာသုတ/English For |
| ၅။ | ၀၈:၁၅ | မျိုးချစ်တပ်မတော် | | | Myanmar |
| ၆။ | ၀၈:၄၀ | မောင်မယ်လေးများသိစေချင် | ၁၆။ | ၁၇:၄၅ | ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ |
| ၇။ | ၀၉:၂၅ | အမှတ်တရနေ့ရက်များ | ၁၇။ | ၁၉:၀၀ | CGTN NATURE (35) |
| ၈။ | ၁၀:၃၀ | စာပေနှင့်အနုပညာသတင်း | ၁၈။ | ည ၈ နာရီ သတင်း အပြီး | အမျိုးသားရေးတေးကဗျာ |
| ၉။ | ၁၁:၁၅ | ပြည်သူ့ကြားက ပြည်သူ့စကား | ၁၉။ | | မိုးလေဝသသတင်း |
| ၁၀။ | ၁၁:၄၀ | ပန်းတို့၏အလှတရား | ၂၀။ | | Sharing Knowledge |
| ၁၁။ | ၁၂:၃၀ | လေးစားအတုယူစရာစံနမူနာ | ၂၁။ | | မေးမြန်းစူးစမ်း |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်  ဇွန် ၁၂

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၅) ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး (၇၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အာဇာနည်နေ့အခမ်းအနားနှင့်ပတ်သက်၍ ဆပ်ကော်မတီဖွဲ့စည်းမှုများနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ပဲခူးမြို့၌ Football For Schools Program Launching Ceremony ကျင်းပ

ပဲခူး  ဇွန် ၁၂

Football For Schools Program Launching Ceremony ကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ဦးစွာ ကျောင်းသားအားကစားသမားများက ကွင်းအတွင်းရောက်ရှိနေရာယူကြပြီး အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က FIFA (အပြည်ပြည်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ အခြေခံပညာကျောင်းမှ ကလေးများ ဘောလုံးအခြေခံနည်းစနစ်များ သိရှိနားလည်လာစေရေး သင်ကြားပေးသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်မှလှူဒါန်းသည့် No(4) ဘောလုံးများကို ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးထံ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အဆင့်(D) လက်မှတ်ရနည်းပြသင်တန်းတက်ရောက်ထားသည့် ကာယပညာဆရာများက ကျောင်းသားအားကစားသမားများအား Football For School သင်ခန်းစာများ လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၄၁၀)

# Social Media များတွင် ရထားလက်မှတ်များကို ဝန်ဆောင်ခဖြင့် ဆောင်ရွက်ပေးနေကြောင်းတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်

ရန်ကုန်  ဇွန် ၁၂

Social Media များတွင် ရထားလက်မှတ်များကို ဝန်ဆောင်ခဖြင့် ဆောင်ရွက်ပေးနေကြောင်းတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ အသိပေးထုတ်ပြန်ထားသည်။

မြန်မာ့မီးရထားက ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ရထားစီးခရီးသွားပြည်သူများ လက်မှတ်ဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ရန်ကုန်-မန္တလေးလမ်းပိုင်း ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရထားများအား အွန်လိုင်းမှ ရထားလက်မှတ်ဝယ်ယူနိုင်သော Web base (ORTP) စနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဧပြီလ ၄ ရက်တွင် မြန်မာ့မီးရထားက ထို ORTP စနစ်တည်ဆောက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် တင်ဒါအောင်မြင်သော နည်းပညာကုမ္ပဏီ၏ နည်းပညာဝန်ဆောင်ခအတွက် လက်မှတ်တစ်စောင်လျှင် (၂၀၀/-)ကျပ်ဖြင့် ဘဏ်များက တရားဝင်သတ်မှတ်ထားသော ငွေလွှဲဝန်ဆောင်ခကို ကောက်ခံခွင့်ပြုခဲ့ရာ ယခုအခါ Social Media များဖြစ်သော Tiktok၊ Facebook၊ Telegram၊ Viber များဖြင့်ကြော်ငြာ၍ ဝန်ဆောင်ခဖြင့် ရထားလက်မှတ်များကို ဆောင်ရွက်ပေးနေကြောင်း တွေ့မြင်ကြားသိနေရသည်ဟု ပါရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများအဆင်ပြေစေရေးအတွက် အွန်လိုင်းမှဝယ်ယူရန်ခက်ခဲသော ခရီးသည်များကို ဘူတာရုံများတွင် အထောက်အကူပြုကောင်တာများ ထားရှိခြင်း၊ ဘူတာဝန်ထမ်းများက လက်မှတ်ရုံများတွင် ORTP စနစ်ဖြင့် ဝယ်ယူပေးခြင်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကိုယ်စားလှယ်အဖြစ် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ဝန်ဆောင်ခကောက်ခံရန် တာဝန်ပေးအပ်ထားခြင်း လုံးဝမရှိကြောင်း သိရသည်။ **MT**

# မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

နေပြည်တော်  ဇွန် ၁၂

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

# ကမ္ဘာ့အမွေအနှစ်ပုဂံဒေသအတွင်းရှိ ရှားပါးနံရံဆေးရေးပန်းချီလက်ရာရှိသော ရှေးဟောင်းအဆောက်အအုံများအား အသေးစိတ်မှတ်တမ်းပြုစုခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိ



ပုဂံ  ဇွန် ၁၂

ကမ္ဘာ့အမွေအနှစ်ပုဂံဒေသရှိ နံရံဆေးရေးပန်းချီများသည် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊ လူတို့၏ဖျက်ဆီးမှုခံရခြင်းနှင့် အခြားဘေးအန္တရာယ်တို့ကြောင့် ပျက်စီးမှုများနေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ တာဝန်ရှိသူများထံမှသိရသည်။

အဆိုပါ နံရံဆေးရေးပန်းချီများသည် နှစ်ပေါင်း ၁၀၀၀ ကျော် ကြာမြင့်နေပြီဖြစ်သည့်အတွက် စနစ်တကျမှတ်တမ်းပြုစုခြင်းနှင့် နံရံဆေးရေးပန်းချီရှိသော ရှေးဟောင်းအဆောက်အအုံများအား အဆင့်သတ်မှတ်ခြင်း ဆောင်ရွက်ထားရှိပြီး နှစ်စဉ် Priority အလိုက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်းသိရသည်။

သို့ဖြစ်ပါ၍ မြန်မာ့ယဉ်ကျေးမှုဗိသုကာလက်ရာများဖြစ်သည့် ရှေးဟောင်းဂူဘုရား၊ စေတီ၊ ပုထိုး၊ အုတ်ကျောင်း၊ သိမ်နှင့် ဥမင်များ စသည့်ရှေးဟောင်းအဆောက်အအုံများ ပိုမိုတိုးတက်ဖော်ထုတ်နိုင်ရန်နှင့် မြန်မာ့သမိုင်းအတွက်အလွန်အရေးပါသည့် မြန်မာမှုဗိသုကာလက်ရာ အဆင်တန်ဆာများ၊ မြန်မာမှုအတတ်ပညာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ သဘာဝဘေးအန္တရာယ်၊ လူသားတို့ပြုမှုမှုဘေးအန္တရာယ်တို့မှ ကာကွယ်နိုင်ရေးအတွက် ပုဂံဒေသရှိ ရှားပါးအနုလက်ရာများဖြစ်သည့် နံရံဆေးရေးပန်းချီများနှင့် အင်္ဂတေပန်းလက်ရာများအား အသေးစိတ်မှတ်တမ်းပြုစုခြင်း သုတေသနလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ်တွင် ရှားပါးနံရံဆေးရေးပန်းချီလက်ရာရှိသော ရှေးဟောင်းအဆောက်အအုံငါးဆူကို ရွေးချယ်ဆောင်ရွက်လျက်ရှိရာ ငဖုန်းသင်ယောင်ဂူဘုရားသည် ရွှေဆံတော်ဘုရား၏ အနောက်တောင်ဘက်တွင်တည်ရှိသော ဂူဘုရားငယ်တစ်ဆူဖြစ်သည်။ ငဖုန်းသင်ယောင်ဂူဘုရားသည် ပုဂံခေတ်နှောင်းပိုင်း ၁၃ ရာစုလက်ရာဖြစ်ပြီး ရှေးဟောင်းအဆောက်အအုံအမှတ် ၁၅၃၆ ဖြစ်သည်။ ကုလားကျောင်းခံအထက် ကွမ်းတောင်ပေါက်၍ မုခ်အဝင်သည် အရှေ့ဘက်သို့လှည့်ထားသော ဂူဘုရားတစ်ဆူဖြစ်သည်။ ငဖုန်းသင်ယောင်ဟူသောအမည်သည် ထိုဂူဘုရားအတွင်းတွင်တွေ့ရသော မင်စာတစ်ခုအပေါ် အစွဲပြု၍ ခေါ်ဝေါ်ကြသောအမည်ဖြစ်သည်။ ငဖုန်းသင်ယောင်ဂူဘုရားအတွင်းဘက်တွင် စိတ်ဝင်စားဖွယ်စက်ဝိုင်းပန်းချီများအပါအဝင် အခြားသောပန်းချီများရေးဆွဲထားသည်ကိုလည်း မြင်တွေ့နိုင်သည်။ ပန်းချီများတွင် ဗုဒ္ဓဘာသာကျမ်းဂန်လာ စကြဝဠာကြီးတည်ရှိပုံကိုလည်း ရေးဆွဲထားသည်။ ငဖုန်းသင်ယောင်ဂူဘုရားရှိ ပန်းချီများသည် ကျမ်းဂန်လာစကြဝဠာတည်ရှိပုံနှင့် ဗုဒ္ဓ၏စာပေကျမ်းဂန်လာ ဒေသနာတော်များကို ဖော်ညွှန်းသရုပ်ဖော်ရေးဆွဲထားခြင်းဖြစ်သည်။ ထို့ကြောင့် ရှားပါးနံရံဆေးရေးပန်းချီများအား ရေရှည်တည်တံ့စေရန်နှင့် သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်စေရန်အတွက် အသေးစိတ်မှတ်တမ်းပြုစုလျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**

# ကမ္ဘာ့ဖလား

## တင့်တယ်

**ယမန်နေ့မှအဆက်**

၁၉၄၃ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ လေးနှစ်ကာလအတွင်း၌ ကျွန်ုပ် မည့်မျှကြိုးစားခဲ့သောကြောင့် ကျွန်ုပ်၏ဦးလေး ဦးဒေါနတို့နှင့် ကျွန်ုပ် မည်မျှရင်းနှီးသည်ထက် ရင်းနှီးခဲ့ပုံတို့ကို အနုစိတ်ဖော်ပြခြင်းငှာ အချိန် မရတော့ပေ။ အတိုကောက်ဖော်ပြရမည်ဆိုလျှင် ၁၉၄၆ ခုနှစ်၌ ကမ္ဘာ့ စစ်မီး ပြီးငြိမ်းသွားသောအခါတွင် ကျွန်ုပ်မှာ ဦးလေးဦးဒေါန၏လုပ်ငန်း ကြီးတစ်ခုလုံးတွင် မောင်ညိမ်းအောင်နှင့်တွဲဖက်၍ ဦးစီးလုပ်ကိုင်နေကြ ရသောအခြေထိ ရောက်ခဲ့ပေပြီ။ စစ်ပြီးစဖြစ်သောကြောင့် စစ်အတွင်း က အရေးပေါ်လုပ်ခဲ့ကြသောစက်လှေဖြင့် ကုန်သွယ်သည့်လုပ်ငန်းများ ကို ရပ်ဆိုင်းလိုက်ကြပြီးလျှင် သတ္တုတွင်းလုပ်ငန်းနှင့် သစ်တောလုပ်ငန်း တို့ကို ပြန်၍ထူထောင်ကြရ၏။ ခြောက်နှစ်ပတ်လုံး မျက်နှာလွှဲခဲ့ပစ်တမျှ ထားခဲ့ရသောလုပ်ငန်းကြီးများကို ပြန်လည်၍ထူထောင်ကြရသည်မှာ မလွယ်လှပေ။ အလုပ်လည်းအလွန်များကြ၏။ ၁၉၄၆ ခုနှစ် ကုန်ခါနီးသို့ ရောက်သောအခါမှပင် လုပ်ငန်းကြီးမှာ ယခင်စစ်မဖြစ်မီကနီးပါး အခြေ ပြန်၍ကျသဖြင့် ကျွန်ုပ်တို့လည်း အသက်ရှူချောင်ကြရပေတော့သည်။

ဤအခြေ၌ ကျွန်ုပ်နှင့် ကျွန်ုပ်၏ရန်သူတော်သားချင်းများမှာ များစွာ အစေးကပ်၍နေပြီဖြစ်လေရာ ယခင်က လက်သီးနှင့်ထိုး၍ နှင်ထုတ်ခြင်း ခံခဲ့ရသောအိမ်ကြီးဝယ် ကျွန်ုပ်သည် ယခုအခါ၌ အိမ်သားတစ်ဦးဖြစ်နေ တော့သည်သာမက အရေးကြီးသောစီးပွားရေးလုပ်ငန်းများကို ခြေလှမ်း လှမ်းကြသည်၌လည်း ကျွန်ုပ်မပါလျှင် မပြီးတော့ပေ။ ထို့ကြောင့်ပင် အိမ်သားတစ်စုအပေါ်၌ ကျွန်ုပ်၏ဩဇာမှာလည်း အတော်ပင်ကြီးမား ၍နေပေပြီ။ ဤအခြေသို့ရောက်၍ တစ်မြို့လုံးက ကျွန်ုပ်အား မောင်ညိမ်း အောင်နှင့်တန်းတူ ရှိသေလေးစား အသိအမှတ်ပြုကြရသောအခါတွင် ကျွန်ုပ်သည် သင်းတို့တစ်မြို့လုံးကို လက်စားချေရန် စိတ်ကူးထုတ်ရပေ တော့သည်။ အတွင်းပိုင်းကျကျ ကျွန်ုပ်စီမံနေရခြင်းအားဖြင့် သင်းတို့ တစ်မျိုးလုံး၏စီးပွားရေးအခြေအနေကိုလည်း ကျွန်ုပ်သည် မူး၊ ပဲ၊ ပြား၊ ပိုင်ကမကျန် အားလုံးသိရ၏။ ကျွန်ုပ်၏အဘိုးထားရစ်ခဲ့သော ပစ္စည်း အရပ်ရပ်တို့မှာကား အပြင်ပစ္စည်းများကချည်းပင်လျှင် ခြောက်သိန်း ကျော်ဖိုးရှိပေရာ စိန်၊ ရွှေ၊ ရတနာ အတွင်းပစ္စည်းအားလုံးချည်းပင် လျှင် လေးသိန်းဖိုးခန့်ရှိ၏။ စုစုပေါင်း တစ်သန်းခန့်တန်သည့် ဤစည်း စိမ်ကြီးကို အမြဲစောင့်ရှောက်စီမံနေရသော ကျွန်ုပ်၏အဖို့၌ စစ်ဖြစ်နေ ဆဲတွင် အချိန်ကာလကလည်း ဟန်မကျသေး၊ ပစ္စည်းအားလုံးတို့၏ အခြေကိုလည်း စုံစေ့အောင်မသိရသေးသောကြောင့် ကျွန်ုပ်၏လက်စား ချေရေးကိစ္စကို ဆိုင်းငံ့ထားခဲ့ရ၏။ သင်းတို့အားလုံး အယုံအကြည်ရှိ အောင် စောင့်ခဲ့ရ၏။ ယခုကား သင်းတို့တစ်တွေသည် ကျွန်ုပ်အား လူယုံ အဖြစ်သာမက တစ်ခါတစ်ခါ၌ မောင်ညိမ်းအောင်ထက်ပင် ပို၍အားကိုး ကာ ခေါင်းဆောင်အဖြစ်ပင် အသိအမှတ်ပြုကြပေပြီ။ ဤအခါမျိုး၌

**"အချစ်မီးဆိုသည်ကား ကြီးမားပေစွတကား ...။ ကျွန်ုပ် ခူးဆွတ်ရန်မှန်းဆထားသော မဉ္ဇူသက အမှီအား လက်လွှတ်ရတော့မည်ဟု သေချာသောအခါတွင် ကျွန်ုပ်၏ရင်ထဲ၌ မီးပုံကြီးဖို၍ထားဘိသကဲ့သို့ ရှိရပေသည်။ သို့သော် ဟန်ကားမပျက်ခဲ့။ အသက် ၃၀ ကျော်အောင် ဒုက္ခ၏ဒဏ်ချက်ကိုခံ၍ ဟန်ဆောင်ရပေါင်း ဖန်တေထေနေပြီဖြစ်သဖြင့် စေ့စပ်ရေးစကားများကိုပင် ဟန်ကျပန်ကျ ပြောခဲ့နိုင်လေသေးသည်။**

**သို့သော် အမှီကို ကိုမြဖေနှင့်လက်ထပ်တော့မည်ဟု စေ့စပ်ရာ၌ ကျွန်ုပ်အား အကြီးအကျယ်တုန်လှုပ်ချောက်ချားစေသည်မှာကား နောင်ရေးပင်ဖြစ်၏ . . ."**

ကျွန်ုပ်သည် သင်းတို့တစ်မြို့လုံးကို ပိပိရိရိတစ်ယောက်စီချေနိုင်ပါက မည်သူသည် ကျွန်ုပ်အား မဲ့တစ်ပေါက်မျှ ရနံ့မကင်းဖြစ်ကြချိမ့်မည်နည်း။ သို့သော် ကျွန်ုပ်သတ်ရန် ရည်ရွယ်သူများအထဲ၌ အမှီမပါ။

အမှီမှာ စစ်ဖြစ်စက အသက် ၂၄ နှစ်ခန့်ရှိခဲ့ပေရာ အိမ်ထောင်ချထား ရန် ဖခင်ဦးဒေါနစိတ်ကူးနေစဉ် စစ်ဖြစ်လာခဲ့၍ စစ်တစ်ခေတ်လုံး၌ လည်း အိမ်ထောင်ချမပေးဖြစ်ခဲ့၊ ၁၉၄၆ ခုနှစ် စစ်ပြီးသောအခါ၌လည်း လုပ်ငန်းများ ပြန်၍ထူထောင်ဆဲဖြစ်သဖြင့် အိမ်ထောင်ချပေးရန် မစီမံ နိုင်ခဲ့ကြ။ သို့သော် အမှီ အပျိုကြီးဖြစ်၍ ဟိုင်းသွားမည်ကို မည်သူမျှ မစိုးရိမ်ကြပေ။ အဘယ်ကြောင့်ဆိုသော် တစ်ဆွေလုံးတစ်မျိုးလုံးကပင် အမှီကို ကိုမြဖေနှင့်ရည်မှန်းထားရင်း ရှိကြသောကြောင့်ဖြစ်၏။ သို့ ရည်ရွယ်ထားသည်ကို အမှီလည်း သိ၏။ ကိုမြဖေကလည်း သိ၏။ စစ်ရေး၊ စီးပွားရေးများ အခြေတကျမဖြစ်နိုင်သေး၍သာ အချိန်ကောင်း ကို စောင့်နေကြခြင်းဖြစ်ပေသည်။

ဤအကြောင်းများကိုသိသော ကျွန်ုပ်ကား အမှီ၏အပေါ်တွင် တိတ် တိတ်ပုန်း မေတ္တာရင့်မာမှန်းမသိ ရင့်မာလျက် အမှီကို မည်သို့သောနည်း ဖြင့် အရချူရမည်ကို အမြဲတွေး၍နေခဲ့၏။ သို့သော် အမှီနှင့်ကျွန်ုပ် တို့ကား စင်စစ်၌ မောင်နှမဝမ်းကွဲတော်ကြပေရာ တကယ့်ညီမသဖွယ် သဘောထားသည်ထက် ဘာမျှပို၍အရိပ်လက္ခဏာ မပြဝံ့ခဲ့။ အမှီက လည်း လက်ဦးတွင် စိမ်းသယောင်ယောင်ရှိခဲ့သော်လည်း ယခုမူကား အစ်ကိုရင်းသဖွယ် လုံးဝသဘောထား၍နေပြီဖြစ်လေရာ ကျွန်ုပ်မှာ အမှီကို စိတ်ထဲက မေတ္တာအိုးကြီး မဆန့်မပြဲနှင့် ဖြုန်းဖြုန်းကွဲ၍ ကျလု မတတ်ဖြစ်ရသော်လည်း သူလေး၏သိက္ခာကို ရိုသေသောအားဖြင့် အနားသို့ပင် သိုးကာသီကာ မရစ်နိုင်ခဲ့ပေ။ ကျွန်ုပ်၏ လက်စားချေမှု တွင် အထောက်အပံ့ဖြစ်စေခြင်းငှာ အယုံသွင်းနေရသည်ကလည်း တစ်ဖက်ဖြစ်သောကြောင့် အမှီအား သေချင်ပက်ကျိ နီးချင်ပါလျက်နှင့် ပင် ကာလနွေသိန်သရေတွေလုပ်ကာ အခွင့်ကောင်းကို စောင့်မျှော်၍ နေခဲ့ရပေသည်။

သို့နေရာ၌ ၁၉၄၆ ခုနှစ်ကုန်ခါနီး တစ်လ၊ နှစ်လအလိုတွင် ကျွန်ုပ် ခေါင်းနားပန်းကြီးစေမည့် ကိစ္စကြီးတစ်ရပ်သည် အမှီနှင့်ပတ်သက်၍ ပေါ်ပေါက်လာခဲ့ပေတော့၏။ ထိုကိစ္စကား တခြားမဟုတ်။ ဆွေနီးမျိုးစပ် တချို့တို့က စေ့ဆော်သဖြင့် အမှီနှင့် ကိုမြဖေတို့ကို ထုံးစံနှင့်အညီ စေ့စပ် ကြောင်းလမ်းကြခြင်းပင်ဖြစ်၏။ စေ့စပ်ကြောင်းလမ်းမှုမှာ နှစ်ပေါင်း များစွာ စစ်မဖြစ်မီကပင် ကြိုတင်သေချာထားခဲ့ပြီးဖြစ်သည့်အတိုင်း အလွယ်နှင့်ပင် ပြီးမြောက်သွားပေသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း လူကြီး အဖြစ်ဖြင့် စေ့စပ်သည့်နေ့က ဦးလေးဦးဒေါနနှင့် တွဲ၍ထိုင်ကာ သတို့ သမီးဘက်မှနေ၍ စကားစမြည်ပြောရလေသေးသည်။

အချစ်မီးဆိုသည်ကား ကြီးမားပေစွတကား ...။ ကျွန်ုပ် ခူးဆွတ်ရန် မှန်းဆထားသော မဉ္ဇူသက အမှီအား လက်လွှတ်ရတော့မည်ဟု သေချာ သောအခါတွင် ကျွန်ုပ်၏ရင်ထဲ၌ မီးပုံကြီးဖို၍ထားဘိသကဲ့သို့ ရှိရပေ သည်။ သို့သော် ဟန်ကားမပျက်ခဲ့။ အသက် ၃၀ ကျော်အောင် ဒုက္ခ၏ ဒဏ်ချက်ကိုခံ၍ ဟန်ဆောင်ရပေါင်း ဖန်တေထေနေပြီဖြစ်သဖြင့် စေ့စပ်ရေးစကားများကိုပင် ဟန်ကျပန်ကျ ပြောခဲ့နိုင်လေသေးသည်။

သို့သော် အမှီကို ကိုမြဖေနှင့်လက်ထပ်တော့မည်ဟု စေ့စပ်ရာ၌ ကျွန်ုပ်အား အကြီးအကျယ်တုန်လှုပ်ချောက်ချားစေသည်မှာကား နောင်ရေးပင်ဖြစ်၏။ အကယ်၍ အမှီနှင့် ကိုမြဖေတို့ လက်ဆက်ရပါလျှင် ကိုမြဖေသည် အမှီ၏လင်သားအဖြစ်ဖြင့် အဖဦးဒေါန ထားရစ်ခဲ့မည့် ပစ္စည်းစုကို ခံစားရလေတော့မည်။ ထိုအထဲတွင် ကျွန်ုပ်ကလည်း ဦးဒေါနပါမကျန် ရှိရှိသမျှ အမွေခံထိုက်သူဟူသမျှကို လက်စားချေ၍ သုတ်သင်ရန် ၁၇ နှစ်တိုင်တိုင် အားခဲထားသူဖြစ်ရာ အကယ်၍ အမှီမှ တစ်ပါးသော ရန်သူတို့ကို ကျွန်ုပ်သုတ်သင်လိုက်ပါက အမှီတစ်ဦးတည်း သာလျှင် စည်းစိမ်ကြီးကို ခံစားရမည်ဖြစ်ရာ အမှီ၏ခင်ပွန်းဖြစ်မည့် ကိုမြဖေသည်လည်း သန်းကြွယ်သူဌေးကြီးဖြစ်လာမည် မလွဲပေ။ ထို့ကြောင့် ကျွန်ုပ်၏ဘဝ သန္နိဋ္ဌာန်ချက်အတိုင်း ပြီးမြောက်အောင်မြင် ပါလျှင် ကျွန်ုပ်သည် အချစ်ဆုံးအမှီကို ကိုမြဖေ၏လက်ထဲသို့ ကျွန်ုပ် ကိုယ်တိုင်ထည့်၍ ပေးလိုက်ရသည်နှင့်မခြား ရှိတော့မည်ဖြစ်သော ကြောင့် ကျွန်ုပ်မှာ အမှီနှင့်ကိုမြဖေတို့ စေ့စပ်ကြသည့်နေ့မှစ၍ အပူ တပြင်း ဉာဏ်နီဉာဏ်နက်တို့ကို ထုတ်ရပေတော့သည်။ မထုတ်လျှင် မဖြစ်။ ကိုမြဖေနှင့် အမှီတို့ လက်ထပ်ဖြစ်ပါက ကျွန်ုပ်ခဲလေသမျှအားလုံး သဲရေကျရပေတော့မည်။

သူတို့နှစ်ယောက် လက်မထပ်ဖြစ်စေရန်မှာ တခြားနည်းမရှိ။ အမှီ . . .သို့မဟုတ် ကိုမြဖေတစ်ယောက်မရှိမှ ဤကိစ္စ ပြီးငြိမ်းမည်ဖြစ်ရာ အမှီကို ဘယ်နည်းနှင့်မျှသတ်ဖို့ဝေးစွ၊ နီးစလေးဖြင့်ပင်မရွယ်ရက်သော ကျွန်ုပ်သည် ကျွန်ုပ်အား သေနတ်မောင်းတင်၍ သေနတ်နှင့်ပစ်ရန်ပင် ဟန်ပြင်ခဲ့ဖူးသော ကိုမြဖေကို သုတ်သင်ရန်မှလွဲ၍ တခြားနည်းမရှိ တော့ပေ။

**ဆက်လက်ဖော်ပြပါမည်။**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

ကြို့ပင်ကောက် ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ ပြိုင်ပွဲကို ဇွန်လ ၁၂ ရက်တွင် ကျင်းပ သည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီး မှူး ဒေါ်တင်တင်ဝင်းက မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း အသိပညာပေးဟော ပြောပြီး တာဝန်ရှိသူတစ်ဦးက ပန်းချီပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် စည်းကမ်း ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာ ကြီးက ဂုဏ်ပြုလက်ဆောင်များပေးအပ် ချီးမြှင့်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ် ဆေးဝါးအန္တရာယ် အသိပညာပေး နံရံ ကပ်စာစောင်များပြသခြင်းနှင့် စာအုပ် စာစောင်များ ခင်းကျင်းပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

# ညောင်ဦးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ညောင်ဦး ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်ဦးမြို့နယ်ဦးစီးမှူးရုံးမှ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric data ကောက်ယူ၍ UID ကတ်များပြုလုပ်ပေးခြင်းကို ဇွန်လ ၁၁ ရက်က အခြေခံ ပညာအထက်တန်းကျောင်း(ညောင်ဦး)၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ညောင်ဦးမြို့နယ်ဦးစီးမှူး ဦးစောဝဏ္ဏနှင့် တာဝန်ရှိသူများက အသက် ၁၀ နှစ်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေး ခြင်း၊ လဲလှယ်ပေးခြင်းနှင့် Biometric data များစိစစ်ကောက်ယူပြီး မျက်လုံး Scan ဖတ်ခြင်း၊ လက်ဗွေနှိပ်ခြင်းနှင့် လိုအပ်သည့်ကိုယ်ရေးအချက်အလက်များထည့်သွင်း ၍ UID ကတ်ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါလမင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်အထက် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric data ကောက်ယူ၍ ပြုလုပ်ပေးခဲ့သော UID ကတ်များကို ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က ကျောင်းသား၊ ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**

# နှစ်နိုင်ငံအကြား ကာလရှည်ကြာချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

မြန်မာနိုင်ငံဆိုင်ရာလာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့်ကြိုဆိုပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးနားချင်းနိုင်ငံများမှ အထူးကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ယခုကဲ့သို့ တရားဝင်ခရီးစဉ်များ လာရောက်တွေ့ဆုံခြင်းသည်လည်း မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေများအပေါ်တွင် အပြည့်အဝနားလည်ပြီး မြန်မာနှင့်အာဆီယံဆက်ဆံရေး ပိုမိုကောင်းမွန်တိုးတက်အောင်ဆောင်ရွက်ရန် အခွင့်အလမ်းများဖော်ဆောင်နိုင်ရေး လာရောက်ခြင်းဖြစ်သည်ဟု မိမိအနေဖြင့် နားလည်သဘောပေါက်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူများ၏ရွေးချယ်မှု၊ လွှတ်တော်စင်မြင့်တွင် စနစ်တကျရွေးကောက်တင်မြှောက်မှုများဖြင့် ဖြစ်ပေါ်လာသည့်ရွေးကောက်ခံအစိုးရတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံရေးအစိုးရအပေါ်ထောက်ခံမဲပေးခဲ့ကြသည့်ပြည်သူများ၏ဆန္ဒနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ဆန္ဒအပေါ်မျက်ကွယ်မပြုကြရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စတင်တာဝန်ယူစဉ်ကတည်းကပင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပြီး ၅ နှစ်တာကာလအတွင်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပြောကြားလိုကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိမှသာလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မည်ကို ကောင်းစွာနားလည်လက်ခံထားကြောင်း။

မိမိ၏သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမှုအခမ်းအနားတွင် လာအိုနိုင်ငံမှ အထူးကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပေးခဲ့မှုနှင့် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရမှုအပေါ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည်အိမ်နီးနားချင်းကောင်းမိတ်ဆွေရင်းနိုင်ငံ၊ ယုံကြည်စိတ်ချရသည့် ညီအစ်ကိုနိုင်ငံများဖြစ်ကြကြောင်း၊ ထို့ကြောင့် အဆွေတော်၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုခိုင်မာစေရေးအတွက် များစွာအထောက်အကူပြုသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ အချိန်ပေး၍ ဂါရဝပြုတွေ့ဆုံခွင့်ပေးသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ဆက်ဆံရေးကို ပိုမိုအကျိုးသက်ရောက်မှုများရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့သမ္မတကြီးအနေဖြင့် အဆွေတော်သမ္မတကြီးကို နှုတ်ခွန်းဆက်စကားပါးလိုက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြပြီး ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ တူညီကာ နှစ်ပေါင်း ၇၀ ကျော် ကာလရှည်ကြာသည့်တိုင်အောင် ချစ်ကြည်ရင်းနှီးကြသည့်နိုင်ငံများပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့်အဆွေတော်အနေဖြင့် သမ္မတအဖြစ် ရွေးကောက်ခံရမှုအပေါ်တွင်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ လာအိုနိုင်ငံသမ္မတကြီးမှ အဆွေတော်သမ္မတကြီးအား လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ် လာရောက်နိုင်ရေးအတွက် ဖိတ်ကြားလွှာကိုလည်း လက်ရောက်ပေးအပ်လိုပါကြောင်းနှင့် အဆိုပါခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အာဆီယံနိုင်ငံများအကြား အချင်းချင်းဆက်ဆံမှုတို့ကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဟုယုံကြည်ပါကြောင်း၊ မိမိတို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံရွေးကောက်ခံအစိုးရ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ် မားမားမတ်မတ်ရပ်တည်ထောက်ခံလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့ရမှုအပေါ်တွင်လည်း များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံ့ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခဲ့မှုအခြေအနေများ၊ မြန်မာ-လာအိုချစ်ကြည်ရေးတံတားမှတစ်ဆင့် ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ရိုးရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကိုသာမက ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်ဆံမှုအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ရွေးကောက်ခံအစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများအပေါ် လာအိုနိုင်ငံအနေဖြင့် အပြည့်အဝနားလည်မှုရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြားကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွရင်ဆိုင်ကျော်လွှားပြီး အပြန်အလှန်ကူညီဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်းသတင်းရရှိသည်။ **မြဝတီ**

# ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဆောင်ရွက်မည့် အမျိုးသမီးစေတနာ့ဝန်ထမ်း ဆယ်အိမ်မှူးများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် တွေ့ဆုံ




ညောင်ရွှေ ဇွန် ၁၂

အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အတူ ဇွန်လ ၁၁ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာ၌ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဆောင်ရွက်မည့် အမျိုးသမီးစေတနာ့ဝန်ထမ်း ဆယ်အိမ်မှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်လူမှု အသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များတိုးမြှင့်ရန်နှင့် လူနေမှုဘဝပုံစံကို ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင်ပြောင်းလဲပေးရန်လိုအပ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီအဖွဲ့ဝင် အမျိုးသမီးအဖွဲ့အစည်းများက မိမိတို့ကဏ္ဍအလိုက်စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး အမျိုးသမီးစေတနာ့ဝန်ထမ်း ဆယ်အိမ်မှူးများအား ထောက်ပံ့ငွေများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကလေးဝ | (၄.၀၂)လက်မ |
| ဘီးလင်း | (၃.၀၃)လက်မ |
| ချောင်းဆုံ | (၂.၉၅)လက်မ |
| ဟုမ္မလင်း | (၂.၆၈)လက်မ |
| မော်လမြိုင် | (၂.၆၄)လက်မ |
| ဖြူး | (၂.၆၀)လက်မ |
| လှည်းကူး | (၂.၅၂)လက်မ |
| ရွှေကျင် | (၂.၄၈)လက်မ |
| သထုံ | (၂.၄၀)လက်မ |
| မော်လိုက် | (၂.၂၄)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၇.၂°C |
| မြင်းမူ | ၃၆.၉°C |
| မန္တလေး | ၃၆°C |
| ကျောက်ဆည်(လွန်ကျော်) | ၃၆°C |
| စစ်ကိုင်း | ၃၆°C |
| မုံရွာ | ၃၅.၇°C |
| ညောင်ဦး | ၃၅.၅°C |
| ကျောက်ဆည် | ၃၅°C |
| မင်းဘူး | ၃၅°C |
| ပခုက္ကူ | ၃၅°C |
| ရွှေဘို | ၃၅°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၀ |
| ရှမ်း(မြောက်) | ၂၀ | ၂၉ |
| ရှမ်း(အရှေ့) | ၂၂ | ၂၉ |
| ရှမ်း(တောင်) | ၁၇ | ၂၇ |
| ချင်း | ၁၄ | ၂၂ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၁ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၀ |
| နေပြည်တော် | ၂၅ | ၃၀ |
| မန္တလေး | ၂၅ | ၃၆ |
| မကွေး | ၂၄ | ၃၄ |
| ရခိုင် | ၂၃ | ၂၉ |
| ပဲခူး | ၂၃ | ၃၀ |
| ရန်ကုန် | ၂၄ | ၂၇ |
| ဧရာဝတီ | ၂၄ | ၃၁ |
| ကယား | ၂၀ | ၂၈ |
| ကရင် | ၂၃ | ၃၂ |
| မွန် | ၂၄ | ၃၁ |
| တနင်္သာရီ | ၂၃ | ၂၉ |

# လူတိုင်းလက်လှမ်းမီသော သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုကို ဖော်ဆောင်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၂

လူတိုင်းလက်လှမ်းမီသော သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုကို ၂၀၃၀ ပြည့်နှစ်တွင်ရရှိနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ်(၄)အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများအား အရည်အသွေးပြည့်ဝသည့် သွားနှင်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုလွှမ်းခြုံနိုင်ရေးအတွက် ပြည်သူအခြေပြု သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပြင် ကျောင်းကျန်းမာရေးနှင့်သက်ကြီးဘိုးဘွား၊ အငြိမ်းစားဝန်ထမ်းများနှင့် ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြင့် နိုင်ငံတစ်ဝန်းလွှမ်းခြုံနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာဌာနမှလက်ထောက်ကထိက ဒေါက်တာသက်ထားပိုင်က ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ သွားနှင့်ခံတွင်းကျန်းမာရေးစစ်တမ်းကောက်ယူခြင်း(၂၀၂၂-၂၀၂၃)ဖြင့်ရရှိလာသည့် စစ်တမ်းတွေ့ရှိချက်များနှင့် ပထမအကြိမ်တွင် ရရှိခဲ့သည့် တွေ့ရှိချက်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မြဝတီ**

# လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (၃၁) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဇွန် ၁၂

၂၀၂၆ ခုနှစ် ဇွန်လ ၁၅ ရက်တွင် ကျရောက်မည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ (၃၁) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိသွေးလှူဘဏ်ခန်းမဆောင်၌ ကျင်းပသည်။



ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဒုတိယဝန်ကြီးများသည် ကျန်းမာရေးဝန်ထမ်းများက သွေးလှူဒါန်းကြမည့် ဝန်ထမ်းများအား သွေးပေါင်ချိန်တိုင်းစစ်ဆေးမှု၊ သွေးအမျိုးအစားခွဲခြားသတ်မှတ်မှုနှင့်သွေးအလှူရှင်အား နည်းပညာအသုံးပြုမှတ်တမ်းတင်နေမှု၊ ခန်းမအတွင်း၌ဝန်ထမ်းများ သတ်မှတ်နေရာများအလိုက် စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစကားပြောကြားကြပြီး သွေးအလှူရှင်ဝန်ထမ်းများအား အာဟာရဖြည့်စွက်စာများနှင့်ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နေပြည်တော်ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူပြီး စုပေါင်းသွေးလှူဒါန်းခြင်းနှင့်ပတ်သက်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကိုလျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

နေပြည်တော် ဇွန် ၁၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး **သတ္တမနေ့**ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၈ ဦးတက်ရောက်သဖြင့် တက်ရောက်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၁၅ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

ထို့နောက် ကမာရွတ်မဲဆန္ဒနယ်မှ ဦးကိုကိုသင်း၏ **အခြေခံလူထုစားသောက်ကုန်နှင့် ဆေးဝါးများအပေါ် သွင်းကုန်အခွန်လျှော့ချပေးရန်နှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ထိရောက်သော မူဝါဒမျိုးချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ဒေသကုန်ထုတ်လုပ်သူများကို မည်သို့ထိရောက်သည့်မူဝါဒများနှင့် ပံ့ပိုးသွားမည်ကိုသိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင်ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ အသား၊ ငါး၊ ဥအမျိုးမျိုး စသည့် အခြေခံစားသောက်ကုန်များ၊ အိမ်သုံးဆေးဝါး၊ လူသုံးဆေးဝါး၊ တိုင်းရင်းဆေးဝါးစသည့် ဆေးဝါးအမျိုးမျိုးအပါအဝင်ပြည်သူလူထုအတွက်အခြေခံလိုအပ်သည့် ကုန်စည် Essential Goods ၄၆ အုပ်စုနှင့် ကျန်းမာရေး၊ ပညာရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေးစသည့် အခြေခံဝန်ဆောင်မှု Essential Supplies ၃၄ အုပ်စုတို့ကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပါကြောင်း။

အခြေခံအိမ်သုံးဆေးဝါးများအား အခွန်ကင်းလွတ်ခွင့် သတ်မှတ်ပြဋ္ဌာန်းထားပြီး အဆိုပါ ဆေးဝါးများမှအပ ကျန်ဆေးဝါးများအား အကောက်ခွန်နှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် သတ်မှတ်ကောက်ခံလျက်ရှိပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်အမျိုးအစားများတွင် ပြည်တွင်းဆေးဝါးထုတ်လုပ်မှု တိုးတက်ဖွံ့ဖြိုးစေရန်နှင့် ဆေးဝါးထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ပြီး ဆေးဝါးဈေးနှုန်းများကျဆင်းရန်အတွက် ဆေးဝါးကုန်ကြမ်း ၄၅၄ မျိုးအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်ရာ နိုင်ငံတော်ပိုင် မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံများမှ အသုံးပြုလျက်ရှိသော ဆေးဝါးကုန်ကြမ်း ၃၆၅ မျိုးအား ထပ်မံထည့်သွင်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေး ဆက်စပ်ဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံစားကုန်များ၏ နေ့စဉ်ဈေးနှုန်းဖြစ်ပေါ်နေမှုနှင့် ကုန်စည်စီးဆင်းမှုများကို စိစစ်သုံးသပ်၍ ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ပသွင်းကုန်လျှော့ချပြီး ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးမြှင့်နိုင်စေရန်အတွက် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ရေရှည်ရှင်သန်တိုးတက်စေရန်နှင့် သွင်းကုန်အစားထိုး၍ ပြည်ပသို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်စေရေး နိုင်ငံတော်မှ MSME လုပ်ငန်းရှင်များကို ဘဏ်များနှင့် ချိတ်ဆက်၍ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများရရှိစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းကိုင်မဲဆန္ဒနယ်မှ နန်းသန်းသန်းမွေး၏ **ရှမ်းပြည်နယ် စစ်ဘေးရှောင်များယာယီနေအိမ်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မှတ်ပုံတင်လျှောက်ရာတွင် လဝကမှ ၎င်းတို့နေထိုင်ရာမြို့ ထောက်ခံစာများရယူပေးရန်နှင့်စပ်လျဉ်း၍ စစ်ဘေးရှောင်များ၏ဘဝကို ကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ်မရှိပါက ဦးစားပေးအစီအစဉ်ဆောင်ရွက်ပေးစေလိုကြောင်း သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာသူများ ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် နားခိုရာနေရာများဖန်တီးဆောင်ရွက်ပေးခြင်း၊ စားရေရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများကို မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အပြင် NGO၊ INGO အဖွဲ့များဖြင့် ပေါင်းစပ်ကူညီဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ယာယီနေရပ်စွန့်ခွာသူများ စားဝတ်နေရေးပြေလည်စေရန် ကျွမ်းကျင်သည့် အလုပ်အကိုင်အလိုက် ဒေသတွင်းအလုပ်အကိုင်ရရှိရေး စီမံဖန်တီးခြင်းအပြင် နိုင်ငံတော်မှ တစ်ဦးလျှင် တစ်လ ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စုစုပေါင်း ငွေကျပ်၁၁ ဒသမ ၅၉ ဘီလီယံကို ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ၂၀၂၆ ခုနှစ် ဧပြီလ စာရင်းအရ ယာယီနေရပ်စွန့်ခွာသူ ၆၂၉၇ ဦးသာကျန်ရှိပါကြောင်း၊ ကျန်ရှိသူများလည်း မကြာမီ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်အခြေချတော့မည်ဖြစ်ပါကြောင်း။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် လုံခြုံရေးအခြေအနေအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ မြို့နယ်ဦးစီးမှူးရုံး ၁၂ ရုံးအား မူလဒေသများတွင် ဖွင့်လှစ်နိုင်ခြင်းမရှိချိန်တွင် တောင်ကြီးမြို့ ဆရာဝန်ကြီးများအသင်း တိုက်တွင်(ယာယီ)ရုံးများဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ်ပြား သက်ပြည့်လဲလှယ်၊ ပျောက်ဆုံးပျက်စီးမိတ္တူလျှောက်ထားသူ စုစုပေါင်း ၉၈၄၃ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၇၉ စု ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် လုံခြုံရေးပြန်လည်ကောင်းမွန်လာ၍ တောင်ကြီးမြို့နယ်တွင် ဖွင့်လှစ်ထားသည့် ဒုတိယပြည်နယ်ဦးစီးမှူးရုံး(လားရှိုး)အပါအဝင် လားရှိုးခရိုင် လားရှိုး၊ ကွမ်းလုံ၊ သိန္နီနှင့် ကွတ်ခိုင်မြို့နယ်ရုံးတို့ကို လားရှိုးမြို့၌လည်းကောင်း၊ နမ္မတူမြို့နယ်ရုံးကို သီပေါမြို့နယ်၌လည်းကောင်း ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပင်လောင်းမြို့နယ်တွင် အများဆုံးနေထိုင်သော ဖယ်ခုံမြို့နယ်မှ ပြည်သူများ အခက်အခဲမရှိအဆင်ပြေစေရန်အတွက် ဖယ်ခုံမြို့နယ်(ယာယီ)ရုံးအား ပင်လောင်းမြို့နယ်၌ ဖွင့်လှစ်ခဲ့ပြီး ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဖယ်ခုံမြို့နယ် လုံခြုံရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသည့်အတွက် ဖယ်ခုံမြို့နယ်ဦးစီးမှူးရုံးအား ဖယ်ခုံမြို့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံသားလုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာအုပ်စုသို့ ပြန်လည်ရောက်ရှိသည့် စစ်ဘေးရှောင်ပြည်သူများအား ၃ ရပ်ကွက် သာသနာ့လင်္ကာရဘုန်းတော်ကြီးကျောင်းတွင် လက်ခံထားရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းအား ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မိုင်းကိုင်မြို့နယ်သည် အကြမ်းဖက်ဖြစ်စဉ်များဖြစ်ပွားမှုမရှိသည့်ဒေသဖြစ်၍ မြို့နယ် ဦးစီးမှူးရုံးအား မူလနေရာတွင်ပင် ဖွင့်လှစ်ထားရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စစ်ဘေးရှောင်ပြည်သူများ လက်ရှိနေထိုင်ရာဒေသတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားပါက e-ID Server အတွင်း ဖြည့်သွင်းထားသည့် ၎င်းတို့၏ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနံပါတ် မှန်/မမှန်၊ ကိုယ်ရေးအချက်အလက် မှန်/မမှန် ဦးစွာတိုက်ဆိုင်စိစစ်ပြီး မှန်ကန်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကောက်ခံသော အခွန်အခငွေနှုန်းထားများသည် ခေတ်စနစ်အခြေအနေတို့နှင့် ကိုက်ညီခြင်းမရှိသည့်အတွက် သင့်လျော်သည့်နှုန်းထားများဖြင့် ပြင်ဆင်သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဧည့်နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာလုပ်ထုံးလုပ်နည်းများပါ အခကြေးငွေနှင့် ဒဏ်ကြေးများအား ပြင်ဆင်ရန်လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ခွင့်ပြုနိုင်ပါရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ ပြန်လည်တင်ပြခဲ့ပါကြောင်း။

ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ပြုရန် မရှိပါကြောင်း ပြန်ကြားစာရရှိပြီးဖြစ်ပါသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအတုပြုလုပ်သူ၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီသူ၊ ကတ်ပြားအတုသုံးစွဲသူများအား ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက် ယခုအစိုးရအသစ်လက်ထက်တွင်မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့် ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့် ဥပဒေအတည်ပြုပြဋ္ဌာန်းပြီးပါက နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဧည့်နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ အခကြေးငွေ၊ ဒဏ်ကြေးငွေများအား ဆက်လက်ပြင်ဆင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှဦးနေလင်းအောင်၏ **နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုစာရင်းများအား ပေါင်နှံခြင်း၊ အာမခံထားခြင်းတို့သည် တရားမဝင်ကြောင်း ကြေညာချက်၊ ညွှန်ကြားချက်များထုတ်ပြန်ပေးရန်နှင့်ပေါင်နှံလက်ခံသူ၊ အာမခံလက်ခံသူများအား အရေးယူဆောင်ရွက်ပေးနိုင်ရေး ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်နှင့် စိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုခွင့်လက်မှတ်နှင့် စိစစ်ရေးကတ်ပြားသည်မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေခံထားခြင်းဖြစ်သည့်အတွက် စနစ်တကျ ကိုင်ဆောင်ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ အခြားသူတစ်ဦးအား လွှဲပြောင်းပေးအပ်ခြင်းမပြုလုပ်ရန်နှင့် မသက်ဆိုင်သူမှ ကောက်ယူရရှိသည့်အခါ အနီးဆုံးရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး သို့မဟုတ် အနီးဆုံး မြို့နယ်လဝကရုံးသို့ အမြန်ဆုံးပေးအပ်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ ထုတ်ပေးထားသည့် မှတ်တမ်းအထောက်အထားများအား ကိုယ်ကျိုးစီးပွားအတွက် မသက်ဆိုင်သူများလက်ဝယ်သို့ပေးအပ်၍ ကိုင်ဆောင်အသုံးပြုစေခြင်း၊ မရိုးဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလုပ်၍ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ မသက်ဆိုင်သူများမှလည်း တရားမဝင်သိမ်းဆည်းခြင်းတို့ ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ထပ်မံထုတ်ပြန်ရန်မရှိပါကြောင်းနှင့် ထိုကဲ့သို့ပြုလုပ်ပါက အချက်အလက်နှင့်တကွ သတင်းပေးတိုင်ကြားနိုင်ပြီး ဆောင်ရွက်သူများအား တည်ဆဲဥပဒေများနှင့် အညီ တရားစွဲဆိုအရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ်ရှိ ညောင်ကျိုး-မဲဇလီကုန်းဆက်သွယ်ရေးကျောက်ကြမ်းခင်းလမ်းအား ကျောက်ချောခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန်နှင့် ၎င်းလမ်းပေါ်ရှိ ယက္ကန်းစင် သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက အင်္ဂပူမြို့နယ် ညောင်ကျိုး-မဲဇလီကုန်းကျောက်ကြမ်းခင်းလမ်းသည် မိုင်အရှည် ၁၃ မိုင် ၁ ဖာလုံရှိပြီး ညောင်ကျိုးမှအိုးကွဲအထိ ၂ မိုင် ၄ ဖာလုံ ကွန်ကရစ်လမ်းနှင့် ဆင်သေမှ မဲဇလီကုန်းအထိ အရှည် ၅ မိုင်ကျောက်ချောလမ်းတို့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အိုးကွဲမှ ဆင်သေအထိ လမ်းအရှည် ၅ မိုင် ၅ ဖာလုံမှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း။ **စာမျက်နှာ ၈ သို့ →**

➜ စာမျက်နှာ ၇ မှအဆက်

ညောင်ကျိုးမှ ၄ မိုင် ၂ ဖာလုံရှိ ဘူးကွဲတောင်တံတားနှင့် ၅ မိုင် ၅ ဖာလုံရှိယက္ကန်းစင်သစ်သားတံတားသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တံတားများဖြစ်ပါကြောင်း၊ ညောင်ကျိုး - မဲဇလီကုန်းဆက်သွယ်ရေးလမ်း ၁၃ မိုင် ၅ ဖာလုံအနက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်း ၅ မိုင်ကျော်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန်နှင့် ၎င်းလမ်းပေါ်ရှိ ယက္ကန်းစင်သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **အုတ်ဖိုမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာသို့ ရန်ကုန်-ပြည်လမ်းမှ ရာသီမရွေး သွားလာအသုံးပြုနိုင်သည့် အမာခံလမ်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရန်ကုန်-ပြည်လမ်းမှ ထောက်ကြံ့ကွင်း ရွာအဝင်လမ်းသည် အရှည် ၁ မိုင် ၄ ဖာလုံရှိ ဂဝံလမ်းဖြစ်ပြီး ယခုအခါ ပျက်စီးလျက်ရှိပါကြောင်း၊ အဆိုပါလမ်းသည် Class (A) အဆင့်လမ်းဖြစ်ပြီး ဂဝံခင်းခြင်းလုပ်ငန်းအား ပြည်ထောင်စု (သို့) တိုင်းဒေသကြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ **ဦးတင်မြင့်၏ ဒလမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၃ စုရှိ ကျေးရွာများမှ မြို့သို့ဆက်သွယ်သွားလာသောလမ်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက တွံတေးခရိုင် ဒလမြို့နယ် သည် ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာရှိပြီး ကျေးလက်လမ်း မိုင်ပေါင်း ၅၅ မိုင်ကျော်ရှိပါကြောင်း၊ ရာသီမရွေးသွားလာနိုင်သော လမ်းမိုင် ၃၄ မိုင်ကျော်ရှိပြီး နွေရာသီသာသွားလာနိုင်သော လမ်းမိုင် ၂၁ မိုင်ကျော်ရှိပါကြောင်း၊ ဒလမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၂၃ ခုနှစ်တွင် လွှဲပြောင်းရရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ကွန်ကရစ်လမ်း ၄ မိုင် ၆ ဒသမ ၅၅ ဖာလုံ၊ ကျောက်လမ်း ၄ ဒသမ ၆၉ ဖာလုံနှင့်တံတား ၅၂ ပေတစ်စင်း၊ ၅ ပေ Box Culvert နှစ်ခုအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၁ မိုင် ၅ ဒသမ ၂၇ ဖာလုံ၊ ကျောက်လမ်း ၁ မိုင် ၂ ဖာလုံ၊ ၁၅ မီတာ ကွန်ကရစ်တံတား တစ်စင်း၊ ၁၂ မီတာ ကွန်ကရစ်တံတားတစ်စင်း၊ ပေ ၂၀ Box Culvert သုံးခု၊ ၁၀ ပေ Box Culvert တစ်ခုနှင့် ၅ ပေ Box Culvert နှစ်ခုအား အဆင့်မြှင့်တင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များအတွက် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ရရှိရန်ပုံငွေပေါ်မူတည်၍ အကျိုးပြုနှုန်းအလိုက် ဦးစားပေးလျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် ပုပွါးကျေးရွာအဝင်တံတားသည် ကြံ့ခိုင်မှုမရှိတော့ပါသဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် RC ကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပုပွါးကျေးရွာအဝင် မူလတံတားအဟောင်း အလျား ၁၅ ပေ၊ အနံ ၁၂ ပေကို ၁၉၈၇ ခုနှစ်တွင် ကျေးရွာနေပြည်သူများမှ ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါတွင် တံတားအလယ်၌ ခိုင်ခံ့မှုမရှိတော့ဘဲ ကွေးညွှတ်ခြင်း၊ ကမ်းကပ်ခုံနှစ်ဖက်နှင့် ရေလယ်တိုင်များ အက်ကွဲခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် သံကူကွန်ရစ် (RC) တံတားအသစ် (၂၀ x ၁၄) ပေ ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ရရှိရန်ပုံငွေဖြင့် အကျိုးပြုနှုန်းအလိုက် ဦးစားပေး လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းကျေးရွာသို့ ၉ မိုင်ခန့် ကတ္တရာခင်းခြင်းပြုလုပ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိနှင့် မရှိပါက ဦးစားပေးအစီအစဉ်အား သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းကျေးရွာအထိ ၉ မိုင်အရှည်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေဖြင့် မြေလမ်းမှ ၁၆ ပေအကျယ် ကျောက်လမ်းခင်းခြင်း ၅ ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြေလမ်းအဆင့်ကျန်ရှိသည့် လမ်းပိုင်းများအား ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျောက်ချောလမ်းခင်းခြင်းနှင့် လိုအပ်သည့်နေရာများတွင် တံတား/ရေပြွန်များ တည်ဆောက်ခြင်း၊ လက်ရှိသစ်သားတံတား သုံးစင်းအား သံကူကွန်ကရစ်တံတားအဆင့် တိုးမြှင့်တည်ဆောက်ခြင်းနှင့် ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ပြည်နယ်ရန်ပုံငွေတွင်လျာထား၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှဦးကျော်သူရ၏ **လက်ပံတန်းမြို့နယ် သာရဝေါမှ ဟသ်ာတမြို့နယ်သို့ ကား၊ ရထား ကူးသန်းနိုင်မည့် မြစ်ကူးတံတားကြီးတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိအခြေအနေတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီးတွင် ဧရာဝတီတံတား (သရက်-အောင်လံ)နှင့် ကချင်ပြည်နယ်တွင် ဧရာဝတီတံတားအသစ်(ဗလမင်းထင်)တို့ကို အပြီးတည်ဆောက်ရမည်ဖြစ်သည့်အပြင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ တံတားများအား ပြန်လည်တည်ဆောက်ခြင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့်ထိခိုက်ပျက်စီးခဲ့ရသည့်တံတားစုစုပေါင်း ၁၁၅ စင်း၊ ပြုပြင်ဆဲတံတားခြောက်စင်း၊ ပြုပြင်ရန်ကျန်တံတား ၈၃ စင်းတို့ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လက်ရှိလတ်တလော အခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မိုးညိုမြို့နယ် သက္ကယ်တန်းကျေးရွာ လက်ပံနှစ်ပင်နှင့် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ငပိဆိပ် ကျောက်စရစ်ကုန်းကြား ဧရာဝတီမြစ်ကူးတံတား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုအခါ ဧရာဝတီတံတား (သရက်-အောင်လံ)နှင့် ဧရာဝတီတံတားအသစ် (ဗလမင်းထင်)တို့ကို အပြီးတည်ဆောက်လျက်ရှိပြီး ဧရာဝတီမြစ်ကူးတံတား(ရတနာသိင်္ခ) ပျက်စီးသွားသည့်အပိုင်းများကို ပြန်လည်ပြုပြင်ခြင်း၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ တံတားများ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့်ထိခိုက်ပျက်စီးခဲ့ရသည့်တံတားများ၊ ပြုပြင်ဆဲတံတားများနှင့် ပြုပြင်ရန်ကျန်တံတားများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လတ်တလောတွင် ငပိဆိပ် ကျောက်စရစ်ကုန်းအကြား ဧရာဝတီမြစ်ကူးတံတားအား မဆောင်ရွက်သင့်သေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့ ဆင်သေ-ပင်လောင်း(မီးရထား) လမ်းဟောင်းမြေနေရာဖြစ်သည့် မြို့အဝင်တိုးဂိတ်အနီးမှရန်ကုန်-တောင်ငူ-မန္တလေးကားလမ်း(လမ်းဟောင်း) ၁၄ မိုင်သို့ တပ်ကုန်းမြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်နိုင်ရေး ရေတို၊ ရေရှည်အစီအမံများချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိရန်ကုန်-တောင်ငူ-မန္တလေးလမ်းသည် နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးဖြစ်ပြီး လမ်းနယ်နိမိတ်သတ်မှတ်ချက်မှာ ပေ ၂၃၀ အကျယ်ဖြစ်ပါကြောင်း၊ ညောင်လွန့်-သရက်ပင်-ပေတောလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းဖြစ်ပြီး လက်ရှိလမ်းနယ်နိမိတ်အကျယ်မှာ ပေ ၃၀ သာရှိသော ကျေးရွာချင်းဆက်လမ်းအဆင့်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအူကြောင်းအတိုင်း တပ်ကုန်းမြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်မည်ဆိုပါက သတ်မှတ်လမ်းနယ်နိမိတ် အကျယ်ရရှိရန်အတွက် စိုက်ပျိုးမြေများ၊ လယ်ယာမြေများနှင့် လူနေထိုင်မှုရှိသောမြေများအား မြေယာလျော်ကြေးများပေးရန် လိုအပ်မည်ဖြစ်သည့်အပြင် ကျေးရွာများအား ဖြတ်သန်းသွားသည့် လမ်းအူကြောင်းဖြစ်၍ လူနေအိမ်ခြေများစွာတည်ရှိပါသဖြင့် အိမ်ရာအဆောက်အအုံများ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တပ်ကုန်းမြို့ရှောင်လမ်း ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ပိုမိုတိုတောင်းသောလမ်းအူကြောင်းဖြစ်သည့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ ၂၄၉/၂ မိုင်မှ ဆင်သေ-ပင်လောင်းမီးရထားလမ်းအတိုင်း ၃ မိုင် ၂ ဖာလုံခန့်ရှိ ဖျိုင်းအင်းကျေးရွာ၊ ထိုမှတစ်ဆင့် ၃ မိုင် ၁ ဖာလုံခန့်အတိုင်း ဆက်လက်၍ လမ်းအူကြောင်းလျာထားပြီး ရန်ကုန်-တောင်ငူ - မန္တလေးလမ်း၏ ၂၅၃/၅ မိုင် အနီးသို့ ပြန်လည်ဝင်ရောက်အဆုံးသတ်မည်ဆိုပါက လမ်းအရှည်မှာ ၆ မိုင် ၃ ဖာလုံခန့်ရှိမည်ဖြစ်ပါကြောင်း၊ လမ်းဦးစီးဌာနအနေဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်ပြီးမှသာ ရလဒ်ပေါ်မူတည်၍ စီမံကိန်းဆောင်ရွက်ရန်ဖြစ်နိုင်ခြေရှိပါက ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှဦးခင်မောင်ဌေး၊ အတွင်းရေးမှူးအဖြစ်သုံးခွမဲဆန္ဒနယ်မှဦးအောင်ကျော်မင်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပုဗ္ဗသီရိမဲဆန္ဒနယ်မှဦးလှဆွေ၊ အတွင်းရေးမှူးအဖြစ် မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးစိုးနိုင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင်ဥက္ကဋ္ဌအဖြစ်ကျိုက်လတ်မဲဆန္ဒနယ်မှဒေါက်တာအောင်ကြီး၊ အတွင်းရေးမှူးအဖြစ် သနပ်ပင်မဲဆန္ဒနယ်မှ ဦးအောင်ဇော်လင်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့အသိပေးကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့်ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ကနီမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း၊ အတွင်းရေးမှူးအဖြစ် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရအပါအဝင်အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် မိုင်းတုံမဲဆန္ဒနယ်မှ ဦးထင်အောင်ရှိန်နှင့် အတွင်းရေးမှူးအဖြစ် ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် လှိုင်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင့်နှင့် အတွင်းရေးမှူးအဖြစ် ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဒေါက်တာထွန်းထွန်းဝင်း တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွန့်ဆောင်နှင့် အတွင်းရေးမှူးအဖြစ် ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သွင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးအဋ္ဌမနေ့ကို ဇွန်လ ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

နေပြည်တော် ဇွန် ၁၂

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၉ ဦးစလုံး တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်း၏ **ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ ရေငန်တားကျွန်းပတ်တာများမှ လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွဒ်ကျွန်းအပိုင်း(၁)နှင့် အပိုင်း(၃)ရှိ ရေတံခါးများ ပြင်ပရေငန်များဝင်ရောက်မှု ရှိနေသောကြောင့် ပြုပြင်ပေးရန် သို့မဟုတ် အသစ်တည်ဆောက်ပေးရန်နှင့် အဆိုပါ ရေငန်တားကျွန်းပတ်တာများအတွင်းရှိ ချောင်းကော၊ မြောင်းကောများကို ဘဏ္ဍာရေးနှစ်အလိုက် အစီအစဉ်များရေးဆွဲပြီး ဦးစားပေးအစီအစဉ်အတိုင်း တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လပွတ္တာမြို့နယ်၊ လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွဒ်ကျွန်းအပိုင်း (၁)၊ ဘီတွဒ်ကျွန်းအပိုင်း (၃) အတွင်းရှိ ရေတံခါးစုစုပေါင်း (၂၁) လုံးအနက် (၇)လုံးအား ပြုပြင်ထားရှိပြီးဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘီတွဒ်ကျွန်း အပိုင်း(၃)တာရှိ ကတောက်ဆပ်ရေတံခါး ပြုပြင်ခြင်းလုပ်ငန်းကို ပြုပြင်ပေးသွားမည် ဖြစ်ပြီး ဆက်လက်ပြုပြင်ရန်ကျန်ရှိသော ရေတံခါး(၁၃)လုံးဖြစ်ပါကြောင်း။

ထို့ပြင် ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘီတွဒ်ကျွန်းအပိုင်း (၄)တာအတွင်း နွေစပါးစိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ရေးအတွက်ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း (၃)ခုနှင့် ရေတံခါးများပြုပြင်ခြင်းလုပ်ငန်း (၄)ခု၊ ရွှေးမြစ်နှင့် ပြာမလေ့မြစ်ကြားရေငန်တား တာကျွန်းအပိုင်း(၅)၏ တာအလျား (၁၁) မိုင် တာမြေကြီးဖို့ခြင်းလုပ်ငန်းတို့အား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လပွတ္တာမြို့နယ်၊ လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွဒ်ကျွန်းအပိုင်း (၁)၊ ဘီတွဒ်ကျွန်းအပိုင်း(၃)အတွင်းတွင် ပြုပြင်ရန်ကျန်ရှိသော ရေတံခါး(၁၃)လုံးကို ပြုပြင်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတစ်ရပ်ရပ်မှ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအလိုက်ပြုပြင်ပေးရန် စီစဉ်ထားရှိပါကြောင်းနှင့် ရေငန်တားကျွန်း ပတ်တာများအတွင်းရှိချောင်းကော၊ မြောင်းကောတူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက်ဦးစားပေးအစီအစဉ် အတိုင်း လျာထားသတ်မှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်း၏ **ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လပွတ္တာမြို့နှင့်ဆားကျင်းကျေးရွာကို ဆက်သွယ်အသုံးပြုနေသည့် လပွတ္တာမြောက်ကျွန်းတာ ၀/၀ မိုင်မှ ၇/၀ မိုင်အထိ ၇ မိုင်ကို ရာသီမရွေး သွားလာနိုင်သောကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လပွတ္တာမြောက်ကျွန်းတာ တာမိုင်၏အစသည် လပွတ္တာမြို့ အမှတ်(၂)ရပ်ကွက်မှစတင်ပြီး မြို့ဧရိယာအတွင်း အလျား(၁)မိုင် ပါဝင်ပါကြောင်း၊ ကျောက်ချောလမ်းခင်းလိုသောနေရာသည် လပွတ္တာမြို့ အမှတ်(၂)ရပ်ကွက်မှဆားကျင်းကျေးရွာအထိ လပွတ္တာမြောက်ကျွန်းတာ တာမိုင်အစမှ ၇ မိုင်အတွင်းနေရာဖြစ်ပါကြောင်း၊ အဆိုပါနေရာတွင် တာထိပ်အကျယ်(၁၂)ပေရှိပြီး တာပေါင်အမြင့်မှာ ပျမ်းမျှ (၈) ပေဖြစ်ပါကြောင်း။

လပွတ္တာမြို့တွင်း ဧရိယာဖြစ်သော တာမိုင်အစမှ ၅ ဖာလုံကြားတွင် အလျား (၅)ဖာလုံခန့်သည် ကျောက်ကြမ်းလမ်းခင်း၍ အသုံးပြုသွားလာလျက်ရှိပါကြောင်း၊ ကျောက်ချောလမ်းခင်းလိုသော အပိုင်း အတွင်း တာမိုင်အစမှ ၁ မိုင် ၆ ဖာလုံတွင် ခနိတန်းရေတံခါး ( အချင်း ၄ ပေ ၊ ၂ ပေါက်) ၊ တာမိုင်အစမှ ၅ မိုင် ၆ ဖာလုံတွင် လက်ဝဲခွဲ ရေတံခါး (အချင်း ၄ပေ၊ ၅ ပေါက်)တို့ တည်ရှိပါကြောင်း၊ ဌာနမှတည်ဆောက်ထိန်းသိမ်းထားသော တာတမံများမှာ မြေသားတာတမံများဖြစ်သည့်အပြင် မိုးများသောဒေသဖြစ်ခြင်းကြောင့် တာနိမ့်ကျခြင်း၊ရေတိုက်စားခြင်းများရှိပါသဖြင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိခြင်း၊ တာတမံပေါ်တွင် ကျောက်ချောလမ်းခင်းမည်ဆိုပါက မြေသားတာတမံဖြစ်၍ သတ်မှတ်တာထိပ်အမြင့် အောက်နိမ့်ကျသည့်အခါ စက်ယန္တရားကြီးများဖြင့် ပြန်လည်မြေဖို့ ပြုပြင်ဆောင်ရွက်ရပြီး ကျောက်ချောလမ်းများအနေဖြင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ခြင်း၊ တာတမံများတွင် ထည့်သွင်းတည်ဆောက်ထားသော ရေတံခါးများ၏ဒီဇိုင်းပုံစံအရ ကုန်တင်ယာဉ်များဖြတ်သန်းသွားလာမှုကို ဝန်အားခံနိုင်ရည်မရှိသဖြင့် ပျက်စီးနိုင်ခြင်းတို့ကြောင့် တာတမံများပေါ်တွင် အခိုင်အမာလမ်းများ ဆောင်ရွက်ရန်မသင့်လျော်သည့် အခြေအနေဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လုပ်ငန်းသဘာဝနှင့်မြေပြင်အခြေအနေအရ တာတမံများပေါ်တွင် အခိုင်အမာလမ်းများ ဆောင်ရွက်ရန်မှာ သင့်လျော်မှုမရှိပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လပွတ္တာမြို့နယ်၊ လပွတ္တာမြို့နှင့် ဆားကျင်းကျေးရွာကို ဆက်သွယ်အသုံးပြုနေသည့် လပွတ္တာမြောက်ကျွန်းတာ တာမိုင်အစမှ ၇ မိုင်အထိကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် မရှိပါကြောင်း။

သို့ရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ပါက နှစ်စဉ်ပြုပြင်ထိန်းသိမ်းနေရသော တာတမံပေါ်၌ လမ်းခင်းခြင်းမပြုဘဲ တာ၏အတွင်းဘက်ခြမ်းတွင် တစ်ဆင့်နိမ့်တာ(Second Berm) ပြုလုပ်၍ လိုအပ်သော အမြင့်၊ အကျယ်ဖြင့် လမ်းခင်းခြင်း ဆောင်ရွက်နိုင်ပါကြောင်း၊ ရေတံခါးအဝင်အထွက် မြောင်းနေရာများတွင်လည်း ဝန်အားခံနိုင်ရည်ရှိသော မြောင်းကူးတံတားများ ထည့်သွင်းဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပါက လမ်းတည်ဆောက်ခြင်းနှင့် သက်ဆိုင်သော ဌာနအဖွဲ့အစည်းများအနေဖြင့် လမ်းကို လိုအပ်သလို တည်ဆောက်ထိန်းသိမ်းခြင်းများဆောင်ရွက်နိုင်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့်လည်း တာတမံကို လိုအပ်သလိုပြုပြင်ထိန်းသိမ်းနိုင်မည်ဖြစ်ရာ နှစ်ဦးနှစ်ဖက် အဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး ဒေသအတွက်အကျိုးရှိစေမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာများ ရေအပြည့်အဝရရှိစေရန်နှင့် စိုက်ပျိုးရေကို ပမာဏလုံ လောက်စွာ သိုလှောင်နိုင်ရန်အတွက် သင်းတွဲမြောင်းဖျားတွင်ရှိသော စွန်ရဲကန်အား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စွန်ရဲကန်အတွင်း ရေဝင်ရောက်မှု ပိုမိုကောင်းမွန်စေရန်အတွက် ကန်အတွင်းရေကူးဖြည့်တင်းသည့် သင်းတွဲမြောင်းနှင့် ရေဝင်ချောင်းဖြစ်သည့် လင်းဗုက်ချောင်းရေလမ်းတို့အား ဌာနမှ ထိန်းသိမ်းစီမံလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများမှလည်း ဝိုင်းဝန်းထိန်းသိမ်းပေးနိုင်ရေး စည်းရုံးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါကြောင်း၊ ၂၀၂၁ ခုနှစ်မှစတင်၍ စွန်ရဲကန်အတွင်း ကန်ရေပြည့်ပမာဏနီးပါးအထိ ရေသိုလှောင်ထားနိုင်ပြီး မိုးသီးနှံ၊ နွေသီးနှံစိုက်ဧကများအား စိုက်ပျိုးရေပြည့်ဝစွာပေးဝေနိုင်လျက်ရှိခြင်း၊ စွန်ရဲအင်းမွေးမြူရေးဇုန်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်လျက်ရှိခြင်း၊ စွန်ရဲကန်၏ မူလရေဝပ်ဧရိယာ ပြန်လည်ရရှိအောင် သဲနုန်းတူးဖော်လျှင် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏကြီးမားများပြားပြီး ရန်ပုံငွေလိုအပ်ချက်လည်း များပြားလွန်းခြင်းတို့ကြောင့် ယခုလက်ရှိအခြေအနေအရ စွန်ရဲကန်အား သဲနုန်းတူးဖော်ဆောင်ရွက်ရန်သင့်လျော်မှုမရှိသေးပါကြောင်းဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ် အတွင်းရှိလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် လယ်/ယာ ရေသောက်စနစ်မြောင်းများအား သဲနုန်းများတူးဖော်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိ ကင်းတားရေသောက်စနစ်နှင့် ဇော်ဂျီရေသောက်စနစ်တို့တွင် တူးမြောင်းမကြီး (၁၆) ခု၊ လက်တံမြောင်း (၄၇) ခု၊ လက်တံခွဲမြောင်း (၁၉)ခုတို့၏အချို့သောနေရာများ၌ မြောင်းအင်အားပြည့် ရေပို့လွှတ်သယ်ဆောင်နိုင်ရန် အတွက် သဲနုန်းတူးဖော်ခြင်း၊ မြောင်းပေါင်အားဖြည့်ခြင်းနှင့် အချို့သောရေပေးအဆောက်အအုံများ ပြုပြင်ခြင်းတို့ကိုဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ပြုပြင်ရမည့်ရေပေးမြောင်းအရေအတွက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်း ပမာဏများပြားသည့်အတွက် ရန်ပုံငွေခွဲဝေရရှိသည့် အခြေအနေအပေါ်မူတည်၍ သဲနုန်းပို့ချမှုများပြားလျက်ရှိသော ရေပေးမြောင်းများနှင့် ဆက်စပ်ရေပေးအဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများအား မြောင်းဆုံးမြောင်းဖျားအထိ ရေရရှိစေရန် ရည်ရွယ်၍ ဦးစားပေးအစီအစဉ်ဖြင့် နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများရှိအဓိကသီးနှံ (၁၄) မျိုးရေရရှိမှု ပိုမိုထိရောက်စေရန်အတွက် ရေပေးတူးမြောင်းများ၏ ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည့်အပိုင်းများအား သဲနုန်းတူးဖော်ခြင်း၊ ရေပေးအဆောက်အအုံများပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်စဉ်ရရှိသော ပြင်/ထိန်းရန်ပုံငွေမှ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့်အားကစားဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကယားပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါက်တာနိုင်လင်းနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါက်တာအမ်ဇော်လတ် (ခ)ဆမ်းမားကို့(စ်)အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူသဖြင့် ကျန်းမာရေးနှင့်အားကစားဆိုင်ရာကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရှားရယ်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **စာမျက်နှာ ၁၀ သို့**➢

# ကျောက်တန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၁၂

တပ်မတော်အနေဖြင့်ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်(၃)ပါးနှင့် ဒေသခံပြည်သူ ၁၀၆ ဦးအား အဆိုပါကျေးရွာရှိ ရေလယ်ဘုရားလမ်း၊ ပဋ္ဌိယတ္တိကျောင်း၌လည်းကောင်း၊ တွံတေးမြို့နယ်၊ ပြသတိုက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၅၁ ဦးတို့အား အဆိုပါကျေးရွာရှိ အနန္တမေတ္တာဓမ္မာရုံ၌လည်းကောင်းအခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

➢ စာမျက်နှာ ၉ မှအဆက်

နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့်ငြိမ်းချမ်းရေးကော်မတီအား အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့်ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါက်တာဦးမနာမ်တူးဂျာနှင့်အတွင်းရေးမှူးအဖြစ် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရှားရယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်နွယ်နွယ်ဦးက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်ပါ အစီရင်ခံစာကိုပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇)ဦးဇင်မင်းထက်က အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၁)အခန်းခေါင်းစဉ်၊ အပိုဒ် ၂ အပိုဒ်ခွဲ (ပ)(ဏ)၊ ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၃ ခြေဆင်း၊ အသစ်ဖြည့်စွက်ချက်ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း(၂)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဈ)(ဈ)၊ အခန်း(၃)၊ အပိုဒ် ၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၂)(၃)(၄)(၁၄)(၁၈)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)(ဋ္ဌ)(ဌ)၊ အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)(၉)၊ အပိုဒ် ၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၆)၊ အပိုဒ် ၈ အပိုဒ်ခွဲ(င)(ဆ)၊ အခန်း(၅) အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)(၁၃)၊ ပြင်ဆင်ချက်ပြောင်းလဲအမှတ်စဉ်ထားသည့်အခန်း ၆ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အခန်း ၇၊ အပိုဒ် ၁၅ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ (ခ) (ဂ)၊ အပိုဒ် ၁၈၊ အခန်း ၈၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(စ)၊ အသစ်ပြင်ဆင်ဖြည့်စွက်ချက်ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၉၊ အပိုဒ် ၂၉ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)(ဃ)(င)၊ ပြင်ဆင်ချက်ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၁၀၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အခန်း ၁၁၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆ ခြေဆင်း၊ အခန်း ၁၂၊ အပိုဒ် ၅၇ ခြေဆင်း၊ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၀၊ အဆိုပြုပြဋ္ဌာန်းချက်တွင်ပါရှိသည့် "ဘဏ်ငွေစာရင်းအမှတ်" ဆိုသောစကားရပ်အစား "ဘဏ်ငွေစာရင်း" ဆိုသည့်စကားရပ်ဖြင့် ဥပဒေကြမ်းတစ်ခုလုံးတွင်ပြောင်းလဲပြင်ဆင်ခြင်း၊ အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း၏အခန်း(၂) အခန်းခေါင်းစဉ်ပယ်ဖျက်ခြင်းနှင့် ယခုပြင်ဆင်ချက်များဖြင့် အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသည့်အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိရန်အတွက် လွှတ်တော်က အတည်ပြုပေးပါရန်တင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါတင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်ကသဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ၏တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအပိုဒ် ၁ မှ ၆၃ နှင့် ဥပဒေကြမ်းအမည်တို့သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည့်အတွက် လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် အပိုဒ် ၁ မှ ၆၃ နှင့် ဥပဒေကြမ်းအမည်တို့သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင်များ၊ အကြံပြုဆွေးနွေးခဲ့သည့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အကျေအလည်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဗဟိုကော်မတီတွင် ပိုမိုခိုင်မာအားကောင်းစေရန် ဒုဥက္ကဋ္ဌ ၁ ဦး၊ အဖွဲ့ဝင် ၂ ဦးကိုလည်းကောင်း၊ ဒေသဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ၁ ဦးကိုလည်းကောင်း၊ တိုက်ဖျက်ရေးဗဟိုဌာနတွင် အဖွဲ့ဝင် ၂ ဦးကိုလည်းကောင်း ထပ်မံဖြည့်စွက်ခြင်း၊ လုပ်ငန်းတာဝန်များအသစ်ဖြည့်စွက်ခြင်း၊ စကားရပ်များအစားထိုးပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကလည်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည့်အတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၅) ဦးမျိုးမင်းနောင်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်းအတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာသဘောတူသဖြင့် အဆိုပါဥပဒေကြမ်း ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်းကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဆဋ္ဌမနေ့ကို ဇွန်လ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၁၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ကျောင်းနေလည်းပျော် စာလည်းတော်

○ လူငယ်တွေ လမ်းမမှားဖို့
အလေးထားလို့ သိမြင်စရာ။
ပညာဆိုတာ ဘဝအတွက်
လိုအပ်ချက်ပါ။
အတန်းပညာနဲ့ အတတ်ပညာ
တတ်မှသာ ဂုဏ်ရှိန်တင့်။
ပညာကို ပြည့်အောင်ဖြည့်လို့
ပြည့်ဂုဏ်ကိုမြှင့်။

○ မိဘ ဆရာ လွန်အားထား
ရိုးသားကြိုးစား ပညာသင်။
ကျောင်းသား ကျောင်းသူ မှန်သမျှ
ဘဝအတွက်ပင်။
အနာဂတ် လှစေချင်
အားမာန်ဝင် စာကြိုးစား။
ပညာဆိုတာ မြတ်ရွှေအိုး
တိုးပွားစေသား။

○ ဘဝမှာ အဆုံးအဖြတ်
သုံးသပ်ချက်က မြတ်ပညာ။
ကိုယ်စီအရည်အချင်း
ထိုးထွင်းပညာ။
အဆင့်အတန်း သူ့နေရာ
ပညာသာ ပဓာန။
ကျောင်းနေပျော် စာတော်ရေး
တွေးရှက်ဆောင်ကြ။

○ လူငယ်တွေ ပညာအား
မြင့်မားလို့ အရာရာတော်။
ဗလငါးတန် ပြည့်ဝရေး
တွေးဆရည်မျှော်။
ပညာမြင့် ဂုဏ်ထင်ပေါ်
ထင်ရှားကျော် လူချွန်လူကောင်း။
နိုင်ငံတော် ပြည့်အကျိုး
သယ်ပိုးစေကြောင်း။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

# နေရာကွက်၍မိုးကြီးမည်

နေပြည်တော် ဇွန် ၁၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်။

(မိုး/ဇလ)

# ၁၂-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်မှပြန်လည်ထွက်ခွာ



နေပြည်တော် ဇွန် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဇွန်လ၁၁ ရက်မှ ၁၃ ရက်အထိ တရားဝင်ခရီးစဉ်လာရောက်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Thongsavan PHOMVI–HANEနှင့်ဇနီးတို့သည် ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ရေရှည်တည်တံ့သောစီးပွားရေးအခွင့်အလမ်းများဖော်ဆောင်ပေးမည့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် - ၂၀၂၆ ကျင်းပ



မန္တလေး ဇွန် ၁၂

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်–၂၀၂၆ (Mandalay Investment Forum–2026) ကို ယနေ့တွင် မန္တလေးမြို့ ရတနာပုံခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးသည် တရုတ်–မြန်မာစီးပွားရေးစင်္ကြံ(CMEC)နှင့် အိန္ဒိယ–မြန်မာ–ထိုင်း အဝေးပြေးလမ်းမကြီးတို့ ဆုံစည်းရာ မဟာဗျူဟာမြောက် ကုန်သွယ်မှုတံခါးပေါက်ဖြစ်ပြီး သယ်ယူပို့ဆောင်ရေးစနစ်များ အခိုင်အမာရှိသည့် ဒေသတွင်းထောက်ပံ့ပို့ဆောင်ရေးဗဟိုချက် (Logistic Hub) တစ်ခုဖြစ်သောကြောင့် ရေရှည်တည်တံ့ပြီး တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြိုဆိုအားပေးပါကြောင်းနှင့် လုပ်ငန်းလည်ပတ်မှု လွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်နှင့် လက်ရှိရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှု အလားအလာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းဖြစ်လာစေရန်တို့အတွက် ရည်ရွယ်၍ လည်းကောင်း၊ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ အစိုးရဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များက ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။ **မြဝတီ**

# နေပြည်တော်မြေအသုံးချမှုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေအသုံးချမှုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**



# FOOTBALL FOR SCHOOL LAUNCHING CEREMONY သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက်ရောက်





နေပြည်တော် ဇွန် ၁၂

FOOTBALL FOR SCHOOL LAUNCHING CEREMONY ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ ဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် ဦးရဲမြင့်ထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဘောလုံးကွင်းအတွင်း၊ နေရာယူကြပြီး ပြည်ထောင်စုဝန်ကြီးအား အလေးပြုကြကာ အားကစားသစ္စာဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါက်တာခင်စောဦးက Adidas size 4 ဘောလုံးများအား နေပြည်တော် ပညာရေးမှူး ဒေါက်တာကျော်လွင်ထံ ပေးအပ်သည်။

ထို့နောက်ကျောင်းသား၊ ကျောင်းသူများ FIFA School Mini Football Field အတွင်း လက်တွေ့သရုပ်ပြ သင်ကြားနေမှုနှင့် ကျောင်းသား၊ကျောင်းသူများ စာကြည့်တိုက်နှင့် ဒစ်ဂျစ်တယ်သင်ယူမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မြန်မာနှင့် လာအို နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲကျင်းပ




နေပြည်တော် ဇွန် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Thongsavan PHOMVIHANE နှင့်ဇနီးတို့သည် ၂၀၂၆ ခုနှစ် ဇွန်လ ၁၁ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက လာအိုဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ဇွန်လ ၁၂ ရက်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့က မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ကာလကြာရှည်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရှိရင်းစွဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုယန္တရားများ ပြန်လည်စတင်နိုင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အွန်လိုင်းလိမ်လည်မှုများအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရချင်း၊ လွှတ်တော်ချင်းသာမက ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုတိုးမြှင့်ရေး၊ ပညာရေး၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ အလုပ်သမားနှင့် အားကစားကဏ္ဍအပါအဝင် နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနှင့် လာအိုနိုင်ငံတို့တွင် အစိုးရသစ်များ အသီးသီးစတင်တာဝန်ယူသည့်အချိန်ဖြစ်ကြောင်း၊ လာအိုနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအဆင့် (LDCs)မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုများ အောင်မြင်စေရန် ဆုတောင်းပါကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်ခြင်းဖြင့် မြန်မာနိုင်ငံအပေါ် ထောက်ခံမှုပြသသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနှင့် လာအိုတို့သည် အာဆီယံသို့ တစ်ချိန်တည်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည့်နိုင်ငံများဖြစ်သည်နှင့်အညီ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်ထောက်ခံရပ်တည်သည့်အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။

လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်သွားလိုကြောင်း၊ နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ခြင်းနှင့် နယ်စပ်ကုန်သွယ်မှုတိုးမြှင့်လိုပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအသင်းများမှတစ်ဆင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ အာဆီယံဆိုင်ရာကိစ္စရပ်များတွင် စည်းလုံးညီညွတ်မှုကိုအခြေခံ၍ မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအဆင့်နှင့် အာဆီယံ၊ GMS၊ CLMV နှင့် အခြားဒေသဆိုင်ရာအဆင့်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# ဇေယျာသီရိခရိုင်အတွင်း သမဝါယမစနစ် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကွင်းဆင်းကြည့်ရှု



နေပြည်တော် ဇွန် ၁၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့ နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ ရှင်းလင်းဆောင်၌ ရွှေဇေယျာစိုက်ပျိုးရေးသမဝါယမအသင်း အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍ ကျေးရွာသမဝါယမအသင်းများမှထွက်ရှိလာသော စပါးများအား ရွှေဇေယျာ စိုက်ပျိုးရေးသမဝါယမအသင်းနှင့် အောင်နိုင်သစ္စာကုမ္ပဏီတို့ပူးပေါင်း၍ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့်မြန်မာ-ကိုရီးယားအဆင့်မြင့်ဆန်စက်တွင် ကြိတ်ခွဲဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် ရွှေဇေယျာစိုက်ပျိုးရေး သမဝါယမအသင်းသားတောင်သူ ဦးထွန်းကျော်၏ နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျေးရွာအတွင်း သင်တန်းသားတစ်ဦး၏ အိမ်သုံးလျှပ်စစ်ပစ္စည်းများပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ အိမ်တိုင်ရာရောက် ရေမီတာသုံးစနစ်ဆောင်ရွက်ထားရှိမှုနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထုတ်ချေးခြင်းလုပ်ငန်း စီမံကိန်းထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသော ဝက်မွေးမြူရေးလုပ်ငန်းကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းဆောင်ရွက်နေသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၃) သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် ဇွန် ၁၂

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၃) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးထွန်းထွန်းဝင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၈၉ ဦး၊ သင်တန်းသူ ၃၄၀ ဦး စုစုပေါင်း ၄၂၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ဗိုလ်မှူးချုပ်လှမြင့် (အငြိမ်းစား) ဝေးဝေး-စစ်တက္ကသိုလ်ရေးသားသည့် ဝတ္ထုတိုစာအုပ်များပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၂

ဗိုလ်မှူးချုပ်လှမြင့် (အငြိမ်းစား) ဝေးဝေး-စစ်တက္ကသိုလ်ရေးသားသည့် ဝတ္ထုတိုစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြဝတီစာပေတိုက်၌ကျင်းပရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး၊ မြဝတီစာပေတိုက် စာတည်းမှူးချုပ်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ ဗိုလ်မှူးချုပ်လှမြင့် (အငြိမ်းစား) ဝေးဝေး-စစ်တက္ကသိုလ်က စာအုပ်များ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗိုလ်မှူးချုပ်လှမြင့် (အငြိမ်းစား)က "ဘယ်ဆုတောင်းမလဲ ခင်နှင့် ကျွန်တော်ရေးခဲ့ဖူးတဲ့ ဝတ္ထုတိုလေးများ" စာအုပ်များကိုပေးအပ်လှူဒါန်းရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

ယနေ့ပေးအပ်လှူဒါန်းသည့် "ဘယ်ဆုတောင်းမလဲခင်နှင့် ကျွန်တော်ရေးခဲ့ဖူးတဲ့ ဝတ္ထုတိုလေးများ" စာအုပ်ပေါင်း အုပ်ရေ ၁၀၀၀ ဖြစ်ပြီး တပ်မတော်စာကြည့်တိုက်များတွင် ထားရှိဖတ်ရှုနိုင်ရန်အတွက် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ယဉ်ကျေးလိမ္မာ၍ ပညာထူးချွန်သော ပညာထူးချွန်၍ ယဉ်ကျေးလိမ္မာသော မျိုးဆက်များဖြစ်ကြပါစေ

ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)

မြန်မာ့လူ့အဖွဲ့အစည်း၏ ပညာရေးသမိုင်းတစ်လျှောက်တွင် လူငယ်လူရွယ်များအား ဘက်စုံပြည့်ဝသော လူသားကောင်းများဖြစ်လာစေရန် ပုံသွင်းထုဆစ်ရာ၌ **"ယဉ်ကျေးလိမ္မာခြင်း"** နှင့် **"ပညာထူးချွန်ခြင်း"** နှစ်ရပ်စလုံးသည် ခွဲခြား၍မရသော ညီနောင်စံနှုန်းများအဖြစ် ဗဟိုပြုတည်ရှိခဲ့သည်။ ခေတ်မီဆန်းသစ်သော ၂၁ ရာစုနည်းပညာခေတ်သို့ ရောက်ရှိလာသည့်တိုင်အောင် ဤအနှစ်သာရနှစ်ခုသည် ပိုမို၍ပင် အသက်ဝင်လျက်ရှိသည်။ စစ်မှန်သော **"ယဉ်ကျေးလိမ္မာခြင်း"** ဟူသည် နှုတ်မူရေးရာနှင့် ကိုယ်ဟန်အမူအရာပြဆက်သွယ်ရေး ကဏ္ဍနှစ်ရပ်စလုံးတွင် မိဘ၊ ဆရာ၊ သက်ကြီးဝါကြီးများနှင့် လူမှုဝန်းကျင်အပေါ် ရိုသေစာနာတတ်ခြင်း စရိုက်လက္ခဏာနှင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းတို့ကို ဆိုလိုပြီး **"ပညာထူးချွန်ခြင်း"** ဟူသည် စာပေဗဟုသုတကြွယ်ဝရုံမျှမကဘဲ ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်ဖြင့် အမှားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ရှာဖွေတတ်စေခြင်းကိုဆိုလိုသည်။

အတတ်ပညာများ မည်မျှပင်ထူးချွန်ထက်မြက်စေကာမူ ယဉ်ကျေးလိမ္မာမှုကင်းမဲ့နေပါက **"အရည်အချင်းရှိပြီးအကျင့်မရှိ"** သည့် ဘဝမျိုးဖြစ်သွားနိုင်သကဲ့သို့ အကျင့်စာရိတ္တကောင်းမွန်သော်လည်း အတတ်ပညာမရှိပါက ခေတ်သစ်ကမ္ဘာကြီးကို ရင်ဆိုင်နိုင်မည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ **"ယဉ်ကျေးလိမ္မာ၍ ပညာထူးချွန်သော ပညာထူးချွန်၍ ယဉ်ကျေးလိမ္မာသော မျိုးဆက်သစ်လူငယ်များ"** ပေါ်ထွန်းလာရေးသည် တိုင်းပြည်ဘက်စုံတည်ဆောက်ရေးအတွက်အဓိကဗဟိုချက်ဖြစ်ရာ အောက်ပါကဏ္ဍ (၅) ခုဖြင့်တင်ပြအပ်ပါသည်။

**အလိမ္မာစာမှာရှိ-နှုတ်မူစာပေအသိဉာဏ်ဖြင့် နှလုံးသားကိုအလင်းဆောင်ခြင်း**

မြန်မာ့ယဉ်ကျေးမှုတွင် **"အလိမ္မာစာမှာရှိ"** ဟူသော ဆိုရိုးစကားသည် ကလေးငယ်များ၏ စကားလုံးကြွယ်ဝမှုနှင့် ဆက်သွယ်ပြောဆိုမှုစွမ်းရည်ကို မြှင့်တင်ရန်အတွက် အခြေခံအကျဆုံးသော ပန္နက်တိုင်ကြီးတစ်ခုဖြစ်သည်။ လူငယ်တစ်ဦးသည် စာပေဗဟုသုတများကို စနစ်တကျဆည်းပူးလေ့လာခြင်းဖြင့် မိမိတို့၏ဗဟုသုတ၊ အတွေးအခေါ်နှင့်ခံစားချက်များကို တစ်ပါးသူအပေါ် စာနာထောက်ထားလျက် ယဉ်ကျေးချိုသာစွာ ပြောဆိုဆက်သွယ်နိုင်သည့် နှုတ်မူစွမ်းရည်များ ကြွယ်ဝလာမည်ဖြစ်သည်။

ရင်ခွင်ပိုက်အရွယ် မိသားစုသင်ကြားရေးမှစတင်၍ မိဘများသည် သားသမီးများအား စာပေနှင့်ရိုးရာကျင့်ဝတ်များကို ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် ကလေးငယ်များသည် ဝေါဟာရသစ်များကို ကြွယ်ဝစေပြီး ပတ်ဝန်းကျင်အပေါ် စူးစမ်းလိုစိတ်များနှင့် ကမ္ဘာကြီးအပေါ် ဗဟုသုတများကို ကျယ်ပြန့်စွာ တိုးတက်ရရှိစေကာ နှလုံးသားကျန်းမာရေးနှင့် စာရိတ္တပိုင်းဆိုင်ရာ အခြေခံကောင်းများ ပြည့်စုံသော **"ယဉ်ကျေးလိမ္မာသည့်လူငယ်များ"** အဖြစ် စတင်အခြေတည်လာစေသည်။

**ပညာရွှေအိုးလူမခိုး - ၂၁ ရာစု ပညာရေးနယ်ပယ်တွင်ဉာဏ်ရည်ထူးချွန်ထက်မြက်မှု**

**"ပညာရွှေအိုး လူမခိုး"** ဆိုသကဲ့သို့ စစ်မှန်သောအတတ်ပညာနှင့် နည်းပညာကျွမ်းကျင်မှုများသည် ဘဝတစ်သက်တာလုံး မည်သူမျှ ခိုးယူဖျက်ဆီး၍မရသော ထာဝရရတနာကြီးဖြစ်သည်။ ယနေ့ခေတ်ကမ္ဘာ့စီးပွားရေးစနစ်သည် နည်းပညာအခြေပြုယှဉ်ပြိုင်မှုများ ပိုမိုပြင်းထန်လာသည့် ခေတ်သို့ရောက်ရှိနေပြီဖြစ်ရာ နည်းပညာကျွမ်းကျင်မှုတစ်ခုတည်းဖြင့် အောင်မြင်မှုရရှိရန် မလုံလောက်တော့ပေ။ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများ တိုးပွားလာသည်နှင့်အမျှ နိုင်ငံခြားဘာသာစကားများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်မှုသည်လည်း အရေးပါသော လူသားရင်းမြစ်စွမ်းရည်တစ်ရပ်အဖြစ် ပိုမိုထင်ရှားလာလျက်ရှိသည်။ အထူးသဖြင့် အင်္ဂလိပ်ဘာသာစကားနှင့် တရုတ်ဘာသာစကားတို့ကို ကျွမ်းကျင်စွာ ပြောဆို၊ ရေးသား၊ ဆက်သွယ်နိုင်ခြင်းအပြင် ဘာသာပြန်ဆိုခြင်းနှင့် စကားပြန်ဆိုခြင်းစွမ်းရည်များသည် နိုင်ငံတကာကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍများတွင် အလွန်လိုအပ်လျက်ရှိသည်။ ထို့ကြောင့် ဘာသာစကားကျွမ်းကျင်မှုနှင့် ဘာသာပြန်၊ စကားပြန်စွမ်းရည်များသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်ပေးနိုင်သည့် အရေးပါဆုံးလူသားရင်းမြစ်စွမ်းရည်များအဖြစ် တန်ဖိုးထားခံလာရပြီး ၂၁ ရာစု၏ အဓိကယှဉ်ပြိုင်နိုင်စွမ်းတစ်ရပ်အဖြစ်လည်း သတ်မှတ်ခံလာရပြီဖြစ်သည်။

> **● ယနေ့ခေတ်ကမ္ဘာ့စီးပွားရေးစနစ်သည် နည်းပညာအခြေပြုယှဉ်ပြိုင်မှုများ ပိုမိုပြင်းထန်လာသည့်ခေတ်သို့ ရောက်ရှိနေပြီဖြစ်ရာနည်းပညာကျွမ်းကျင်မှုတစ်ခုတည်းဖြင့် အောင်မြင်မှုရရှိရန် မလုံလောက်တော့ပေ…**
>
> **● နိုင်ငံခြားဘာသာစကားများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်မှုသည်လည်း အရေးပါသော လူသားရင်းမြစ်စွမ်းရည်တစ်ရပ်အဖြစ် ပိုမိုထင်ရှားလာလျက်ရှိသည်…**

ကျောင်းနှင့်တက္ကသိုလ်၏ အရည်အသွေးမြှင့်ဗျူဟာမြောက် ပန်းတိုင်များတွင် ကျောင်းသားများ ပညာရေးဆိုင်ရာ အောင်မြင်မှုရရှိစေရန် ဆက်သွယ်မှုစွမ်းရည်မြှင့်တင်ရေးကဏ္ဍကို စနစ်တကျ ထည့်သွင်းရမည်ဖြစ်သည်။ ဤသို့ဖြင့် ပညာရပ်ဆိုင်ရာများကို ထူးချွန်ပြောင်မြောက်စွာ အောင်မြင်ပြီးမြောက်ထားရမည့်အပြင် ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်ဖြင့် တိုင်းပြည်အတွက် အားကိုးအားထားပြုရမည့် **"ပညာထူးချွန်သော လူငယ်များ"** အဖြစ် ပေါ်ထွက်လာစေရန်ပုံသွင်းထုဆစ်ပေးခြင်းဖြစ်သည်။

**ခေတ်ပြိုင်သင်ရိုးသစ်နှင့် စာသင်ခန်းတွင်း ပေါင်းစပ်ကျင့်သုံးမှုဗျူဟာ**

ယနေ့ခေတ် ပညာရေးပြုပြင်ပြောင်းလဲမှုများအရ ယဉ်ကျေးလိမ္မာမှုနှင့် ပညာထူးချွန်မှုကို သီးခြားခွဲထုတ်၍ သင်ကြား၍မရတော့ဘဲ စာသင်ခန်းတွင်း သင်ရိုးညွှန်းတမ်းများအောက်၌ တစ်သားတည်း ပေါင်းစပ်မောင်းနှင်ရန် လိုအပ်သည်။ ကျောင်းသားလူငယ်များသည် သိပ္ပံ၊ ဝိဇ္ဇာနှင့် နည်းပညာရပ်များကို ထူးချွန်စွာ သင်ယူနေစဉ်မှာပင် သင်ခန်းစာများ၌ ပါဝင်သောအဖွဲ့လိုက်ပူးပေါင်းလုပ်ဆောင်မှု တစ်ပါးသူ၏အမြင်ကို လေးစားစွာ နားထောင်တတ်မှုနှင့် ကျောင်းတွင်း စည်းကမ်းများကို လေးစားလိုက်နာမှုတို့မှတစ်ဆင့် ယဉ်ကျေးလိမ္မာသော အလေ့အထများကို လက်တွေ့ကျကျ ကျင့်သုံးနေကြရခြင်းဖြစ်သည်။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် သင်ခန်းစာများကိုပို့ချရာတွင် သင်ရိုးညွှန်းတမ်းပါ အသိပညာရပ်များကို ထူးချွန်အောင် သင်ကြားပေးရုံမျှမက ၎င်းတို့၏နေ့စဉ်ပြောဆိုဆက်ဆံမှု နေထိုင်မှုပုံစံများတွင်ပါ ယဉ်ကျေးပျူငှာပြီး တာဝန်ယူမှုရှိသော စရိုက်လက္ခဏာများ ကိန်းအောင်းလာစေရန် စာသင်ခန်းတွင်း ယဉ်ကျေးမှုအသွင်ဖြင့်အစဉ်တစိုက်အလေးထားပုံသွင်းပေးကြရမည်ဖြစ်သည်။

**တန်ဖိုးရှိသော လူသားအရင်းအမြစ်-လူထုအကျိုးပြုလုပ်ငန်းများနှင့် လူမှုဝန်းကျင်ကို ပံ့ပိုးကူညီခြင်း**

ယဉ်ကျေးလိမ္မာ၍ ပညာထူးချွန်သော ပုဂ္ဂိုလ်များသည် လူမှုဝန်းကျင်အတွင်း စံပြဖြစ်ပြီး စည်းကမ်းသေဝပ်ကာ အကျင့်စာရိတ္တကောင်းမွန်သူများဖြစ်ကြသဖြင့် ကျွန်ုပ်တို့၏အဖွဲ့အစည်းအတွက် အဖိုးမဖြတ်နိုင်သော လူသားအရင်းအမြစ်ကြီးများဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ပြီး နည်းပညာကျွမ်းကျင်မှု ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များသည် မိမိတို့၏အောင်မြင်မှုနှင့် အကျိုးစီးပွားကိုသာ မရည်ရွယ်ဘဲ လူမှုအသိုက်အဝန်းအတွက်လည်း တာဝန်ယူဆောင်ရွက်တတ်ကြသည်။ ၎င်းတို့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများနှင့် လူမှုရေးအသင်းအဖွဲ့များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို အားဖြည့်ပေးကြသည်။ ယင်းကဲ့သို့သောစုပေါင်းပါဝင်မှုများသည် လူမှုအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်သည့် အရေးပါသော အခြေခံအင်အားတစ်ရပ်ဖြစ်သည်။

၎င်းတို့သည် မိမိတို့တတ်မြောက်ထားသော ပညာရပ်များ၊ ခေါင်းဆောင်မှုအရည်အချင်းများဖြင့် တိုင်းပြည်တည်ဆောက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကမဏ္ဍိုင်ကြီးများအဖြစ် ကွင်းဆက်မိမိ၊ စွမ်းစွမ်းတမံပါဝင်ထမ်းဆောင်လျက်ရှိကြသည်။ ဤသည်မှာ **"ယဉ်ကျေးလိမ္မာ၍ ပညာထူးချွန်သော လူငယ်များ"** က မိမိတို့၏တန်ဖိုးကို လူမှုအဖွဲ့အစည်းအတွင်း လက်တွေ့ကျကျ အကျိုးပြုပုံဖော်ပြသခြင်းပင်ဖြစ်သည်။

**နည်းပညာခေတ်၏ လူမှုရေးစိန်ခေါ်မှုများကိုကျော်လွှားခြင်းနှင့် မိဘများ၏ မြှင့်တင်တွန်းအားပေးမှု**

မျက်မှောက်ခေတ် ဒစ်ဂျစ်တယ်နည်းပညာထွန်းကားလာမှုသည်လူငယ်များအား ဗဟုသုတများကို လျင်မြန်စွာ ရှာဖွေတတ်စေသဖြင့် ပညာထူးချွန်ရေးအတွက် အထောက်အကူဖြစ်စေသော်လည်း တစ်ဖက်တွင်မူ ဖုန်းနှင့်အင်တာနက်စာမျက်နှာများပေါ်၌သာ အချိန်ကုန်လွန်စေသဖြင့် မိဘပြည်သူများ၊ လူကြီးမိဘများနှင့် ပကတိလူမှုဝန်းကျင်အကြား လူချင်းတွေ့ဆုံဆက်သွယ်ပြောဆိုမှု ယဉ်ကျေးမှုများ လျော့နည်းလာစေသည့် စိန်ခေါ်မှုသစ်ကို ဖြစ်ပေါ်စေသည်။

ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် နည်းပညာကို ထူးချွန်စွာ အသုံးချတတ်ရုံမျှမက လူမှုဝန်းကျင်အတွင်း၌လည်း ရိုးရာယဉ်ကျေးမှုအရ တန်ဖိုးရှိလှသော ယဉ်ကျေးချိုသာသည့်စကားအသုံးအနှုန်းများကို စနစ်တကျအသုံးချတတ်ရန် အထူးလိုအပ်လှသည်။ ယနေ့ခေတ်တွင် မိဘများအနေဖြင့် သားသမီးများကို ဖုန်းမျက်နှာပြင်များ၏ကမ္ဘာအတွင်း၌သာ အချိန်ကုန်ဆုံးစေခြင်းမပြုသင့်ပါ။ ယင်းအစား မိသားစုရင်ခွင်အတွင်း နွေးထွေးသော စကားဝိုင်းများဖန်တီးပေးခြင်း၊ ကောင်းမွန်သောကျင့်ဝတ်နှင့် လူမှုတန်ဖိုးများကို လက်တွေ့စံနမူနာပြသွန်သင်ပေးခြင်းတို့ဖြင့် သားသမီးများ၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်သင့်သည်။ ထိုသို့ မိသားစုမှအစပြု၍ မှန်ကန်စွာပျိုးထောင်ပေးနိုင်မှသာ ပညာရည်မြင့်မားရုံသာမက ယဉ်ကျေးသိမ်မွေ့၍ တာဝန်ယူတတ်သော ခေတ်မီမျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ ကျင့်ဝတ်များကို စံနမူနာပြသွန်သင်ပေးခြင်းဖြင့် **"ပညာထူးချွန်ရုံမျှမက ယဉ်ကျေးလိမ္မာသော ခေတ်မီမျိုးဆက်သစ်များ"** ဖြစ်လာအောင် မိသားစုအခြေခံမှစ၍ မြှင့်တင်တွန်းအားပေးကြရမည်ဖြစ်သည်။

**ကမ္ဘာလုံးဆိုင်ရာ လူငယ်ခေါင်းဆောင်ကောင်းများအဖြစ် ဝင့်ထည်နိုင်ပါစေ**

နိဂုံးချုပ်အားဖြင့် မျိုးဆက်သစ်လူငယ်ထုကြီးအနေဖြင့် ငယ်ရွယ်စဉ်ကာလကတည်းက ကောင်းမွန်လှသော ပညာရေးနှင့်စံပြကိုယ်ကျင့်တရားများကို စနစ်တကျ ပြုစုပျိုးထောင်ခွင့်ရရှိခြင်းသည် ၎င်းတို့၏ ဘဝတစ်သက်တာ ရှင်သန်ထက်မြက်ရေးအတွက် အဖိုးမဖြတ်နိုင်သော အခြေခံကောင်းများကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ မျိုးဆက်သစ်လူငယ်ထုကြီးသည် ခေတ်မီထက်မြက်သော တက္ကသိုလ်ပညာရေး၊ နည်းပညာစွမ်းရည်များနှင့် စံပြကိုယ်ကျင့်တရားများကို အမိအရဆည်းပူးလျက် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ မိမိတို့၏ဘဝအဆင့်အတန်း မြင့်မားလာစေရေးနှင့် တိုင်းပြည်ဘက်စုံတည်ဆောက်ရေး ကဏ္ဍအရပ်ရပ်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ကြရမည်ဖြစ်သည်။

လူငယ်လူရွယ်များအနေဖြင့် မြန်မာနိုင်ငံအတွင်း၌သာမက တစ်ကမ္ဘာလုံးဆိုင်ရာ အခင်းအကျင်းသစ်တွင်ပါ ထက်မြက်စမတ်ကျပြီး အရည်အချင်းပြည့်ဝသော **"ကမ္ဘာ့အဆင့်မီသည့် ခေါင်းဆောင်ကောင်းကြီးများ (Smart Global Leaders)"** ဖြစ်လာစေရန် မိမိတို့ကိုယ်မိမိအစဉ်မပြတ် လေ့ကျင့်ကြိုးစားသွားကြပါစို့ဟုတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**"ယဉ်ကျေးလိမ္မာ၍ ပညာထူးချွန်သော ပညာထူးချွန်၍ ယဉ်ကျေးလိမ္မာသော မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ အနာဂတ်အစဉ်ထွန်းလင်းပွင့်လန်းပြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ကြပါစေ။"**

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ မင်းသန်း-မောင်းလျှော်တံတား (၂၁၀၀)ပေ ဖွင့်ပွဲကျင်းပ



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မင်းသန်း-မောင်းလျှော်တံတားမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဇွန် ၁၂

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တောင်ပုလဲ-ရှမ်းတောင်-မင်းသန်း-မောင်းလျှော်လမ်းပိုင်းရှိ မင်းသန်း-မောင်းလျှော်တံတား(၂၁၀၀)ပေဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါတံတားနေရာ၌ကျင်းပပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်၊ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မင်းသန်း-မောင်းလျှော်တံတားဆိုင်ရာအချက်အလက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးမှ တံတားတည်ဆောက်ပြီးစီးမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည်မင်းသန်း-မောင်းလျှော်တံတားမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များနှင့် ပက်ဖျန်းကြသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တံတားအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဒိုင်းဆုရရှိသော အသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇွန် ၁၂

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန်ကတ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားအသင်းများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသောအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း(၁၀) သင်းဖြင့် ဇွန်လ ၅ ရက်မှယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၂

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် တောင်ကြီးတပ်နယ်အသင်းနှင့် ဟိုပုံးတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကိုကြည့်ရှုအားပေးကြသည်၊ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက် ဆုရရှိကြသူများ၊ တစ်ဦးချင်း ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဒိုင်းဆုရရှိသော အသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲအား ပြိုင်ပွဲဝင်အသင်း (၁၀) သင်းဖြင့် ဇွန်လ ၃ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၂

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အဖြစ် ခိုလမ်တပ်နယ်(က) အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တာဝန်ရှိသူများက တစ်ဦးချင်း အကောင်းဆုံးအားကစားသမားဆု၊ အသင်းလိုက်ဆုနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို ဒိုင်းဆုနှင့် ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိတပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း(၈)သင်းဖြင့် ဇွန်လ ၅ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဒိုင်းဆုရရှိသော အသင်းအား ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၀˚c |
| ရန်ကုန် | ၂၄˚c | / | ၂၇˚c |
| မန္တလေး | ၂၅˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# လာအိုပြည်သူ့တပ်မတော်၏စစ်ဦးစီးဌာန၊ ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် လာအိုပြည်သူ့တပ်မတော်၏စစ်ဦးစီးဌာန၊ ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာလာအိုစစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



လာအိုပြည်သူ့တပ်မတော်၏စစ်ဦးစီးဌာန၊ ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူးနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

အဆိုပါ လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန၊ ဒုတိယအကြီးအကဲ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ဇွန်လ ၉ ရက်တွင် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့သွားရောက်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြသည့် တပ်မတော်သားများအတွက် ဂုဏ်ပြုပန်းခြင်းချအလေးပြုကြသည်။ ယင်းနောက် ဘုရင့်နောင်ရိပ်သာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တွေ့ဆုံ၍ နှစ်ဖက်အပြန်အလှန်မိတ်ဆက်ခဲ့ကြပြီး နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးကြသည်။ ညနေပိုင်းတွင် အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုခဲ့ကြပြီး ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိ၍ ဦးပိန်တံတားသို့ သွားရောက်လေ့လာခြင်း၊ မန္တလေးမြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာခြင်း၊ မန္တလေးတောင်သို့ သွားရောက်လေ့လာခြင်း၊ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်နှင့်ပွဲကောက်ရေတံခွန်သို့သွားရောက်လေ့လာခြင်းများဆောင်ရွက်ခဲ့ကြပြီး ညပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ အခြေပြုခဲ့ကြသည်။ အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိမဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြပြီး ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ယင်းနောက် သန်လျင်တပ်နယ်သို့ရောက်ရှိ၍ ဖရီးဂိတ်စစ်ရေယာဉ် ကျန်စစ်သားသို့ သွားရောက်လေ့လာခြင်း၊ နယ်မြေခံ ရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ညနေပိုင်းတွင် ဗိုလ်ချုပ်ဈေးသို့ သွားရောက်လည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၁၀)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (10th Myanmar-Thai Navy to Navy Talks)ပြုလုပ်

နေပြည်တော် ဇွန် ၁၂

ရန်ကုန်မြို့တွင်ပြုလုပ်သည့် (၁၀)ကြိမ်မြောက် မြန်မာ–ထိုင်း နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ(10th Myanmar–Thai Navy to Navy Talks)သို့တက်ရောက်ရန်အတွက် ထိုင်းဘုရင့်ရေတပ် Naval Operations Department, Office of Policy and Planning မှ Director ဖြစ်သူ Rear Admiral Chaksawat Saiwong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၉ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး တပ်မတော်(ရေ)မှကိုယ်စားလှယ်အဖွဲ့နှင့် ဇွန်လ ၁၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်ဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ညှိနှိုင်းကင်းလှည့်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စစ်ရေယာဉ်များ အပြန်အလှန်လည်ပတ်စဉ် ဆောင်ရွက်မည့် အစီအစဉ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးချက်များအား သဘောတူလက်မှတ်ရေးထိုးပွဲကို ဇွန်လ ၁၁ ရက် နံနက်ပိုင်းတွင် သန်လျင်တပ်နယ်၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ပြုလုပ်ခဲ့ပြီး အထိမ်းအမှတ်တံဆိပ်များအပြန်အလှန်ပေးအပ်ကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိစဉ် ထိုင်းဘုရင့်ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်(ရေ)နှင့် ထိုင်းဘုရင့်ရေတပ်တို့၏ လေ့ကျင့်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ကြည့်ရှုခြင်းနှင့် ရေတပ်လေ့ကျင့်ရေးဆိုင်ရာ ဆပ်မြူလေတာများ၏ သရုပ်ပြသမှုများကို လှည့်လည်ကြည့်ရှု၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။




(၁၀)ကြိမ်မြောက် မြန်မာ–ထိုင်း နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (10th Myanmar–Thai Navy to Navy Talks)ပြုလုပ်စဉ်။

ထိုင်းဘုရင့်ရေတပ်မှကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှအရာရှိကြီးများနှင့်မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# Junior World Championship 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်အမျိုးသမီးဂေါက်သီးရိုက်အားကစားသမား ချိုသာအောင် တတိယဆုရရှိ

ရန်ကုန် ဇွန် ၁၂

ဇွန်လ ၉ ရက်မှ ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ Damai Indah Golf, PIK Course ၌ ကျင်းပသည့် Junior World Championship 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရာ မြန်မာလူငယ်အမျိုးသမီးဂေါက်သီးရိုက်အားကစားသမား ချိုသာအောင် တတိယဆုရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးရိုက်အားကစားသမားလေးဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ချိုသာအောင်က ဆုရရှိခဲ့ခြင်းဖြစ်သည်။ Junior World Championship 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအပါအဝင် တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ နယူးဇီလန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ တောင်အာဖရိက၊တရုတ်(တိုင်ပေ)၊မလေးရှားနှင့် မြန်မာနိုင်ငံတို့မှ အမျိုးသား ၇၉ ဦး၊ အမျိုးသမီး ၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာလူငယ် ဂေါက်သီးရိုက်အဖွဲ့သည် တတိယဆုရယူနိုင်သည်အထိ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့တွင် အားကစားသမားများအဖြစ် ဆက်နိုင်အောင်၊ နိုင်ဦးကို၊ ချိုသာအောင်နှင့် နန်းဆိုင်အွမ်ငင်းတို့ပါဝင်ကြကြောင်း သိရသည်။

မြဝတီ





## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၂

ကယားပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက်လှူဒါန်းသည့်စာအုပ်များအား လက်ခံ



**နေပြည်တော် ဇွန် ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦးက ပေးအပ်လှူဒါန်းသည့် ၂၀၂၂ ခုနှစ် အမျိုးသားစာပေဆု (နိုင်ငံရေး) ဆုရစာအုပ်ဖြစ်သည့် စာရေးဆရာ သက်နိုင်ဦး(ကျည်ကာ) ကလောင်အမည်ဖြင့် ရေးသားထားသော **"တစ်ကြောင်းတည်းသောမြန်မာနိုင်ငံထွက်ရပ်လမ်းမြေပုံကျမ်း"** စာအုပ် ၄၅၀ ကို လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် (၁/၂၀၂၆)ဖြင့် ၂၁-၄-၂၀၂၆ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။



ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် စဝ်နော်လိတ်နှင့် စဝ်စွမ်မောဝ်နှင့်အဖွဲ့ဝင်များဖြစ်ကြသည့် စိုင်းဇျူဖ၊ စိုင်းလောင်ခမ်းမိန်းတို့ ပါဝင်သည့်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးသည့်နောက် ပေါ်ပေါက်လာသည့်ရွေးကောက်ခံအစိုးရသစ်လက်ထက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် ၂၀၂၆ ခုနှစ် ဧပြီလ ၁၁ ရက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ညှိနှိုင်းရေးကော်မတီတို့ကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ကြိုတင်ကန့်သတ်ချက်မထားသည့်နည်းလမ်းဖြင့် ဆွေးနွေးသွားရန်ဖိတ်ခေါ်ခဲ့ကြောင်း၊ NCA Plus ကဲ့သို့ အကောင်အထည်ဖော်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း လျာထားကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်သည့်ကိစ္စများအား ဆောင်ရွက်မှုမရှိစေရေး ကာကွယ်စောင့်ကြည့်သည့် လုပ်ငန်းများအား ယန္တရားတည်ဆောက်၍ ဆောင်ရွက်ထားရန်လိုပြီး အစိုးရမှဆောင်ရွက်ပေးနေသည့်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စဉ်ဆက်မပြတ်ထိတွေ့လိုကြောင်း၊ SSPP အဖွဲ့၏ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်က ငြိမ်းချမ်းရေးသည် အမှန်တကယ်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အမြဲတောင်းဆိုခဲ့ကြောင်း၊ ဖြစ်နိုင်သည့်ကိစ္စများကို ဦးစားပေး ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် အတိတ်က သင်ခန်းစာများကိုယူပြီး ယုံကြည်မှု တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက တန်းတူရေးကိုအခြေခံပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုပေါ်ထွန်းရေး၊ ယုံကြည်မှုထိခိုက်စေသည့် ဖြစ်စဉ်များအပေါ်သင်ခန်းစာယူပြီး ထပ်မံမဖြစ်ပွားအောင် အလေးထားဆောင်ရွက်ရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများအား အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအား ကူညီဆောင်ရွက်ပေးရေး၊ ငြိမ်းချမ်းရေးကို ထိခိုက်စေသည့်ပစ်ခတ်တိုက်ခိုက်မှုများမဖြစ်ပွားစေရေး နှစ်ဖက်ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးတို့အား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က SSPP မှ ဆွေးနွေးသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ SSPP နှင့် ယခင် Bilateral တွေ့ဆုံဆွေးနွေးမှုအခြေအနေများ၊ မြေပြင်အခြေအနေနှင့် တပ်ပိုင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာသည့်ကိုယ်စားလှယ်များက နိုင်ငံရေးပြဿနာကို လက်နက်ကိုင်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရေး၊ တန်းတူရေးကိုအခြေခံသည့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ နှစ်ဖက်တပ်များအကြား အငြင်းပွားဖွယ်ရာကိစ္စများဖြစ်ပွားလာပါကလည်း တွေ့ဆုံညှိနှိုင်းခြင်းဖြင့် ပြေလည်အောင်ဖြေရှင်းဆောင်ရွက်ရေး၊ ဒေသတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များမရှိစေရေး၊ ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ပြီး ရေရှည်တည်တံ့သည့် ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးနှင့် လက်ရှိရရှိထားသည့်ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရန် ဆက်လက်ထိန်းသိမ်းထားနိုင်ရေး၊ နှစ်ဖက်ရရှိထားပြီးသည့်သဘောတူညီချက်များနှင့် အပစ်အခတ်ရပ်စဲမှုအခြေအနေကို လေ့လာစောင့်ကြည့်ခြင်း၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများနှင့် နယ်မြေကျော်လွန်ခြင်းကိစ္စများနှင့်ပတ်သက်ပြီး ချက်ချင်းဖြေရှင်းနိုင်မည့်အဖွဲ့စုံပါဝင်သည့် အဖွဲ့တစ်ရပ်ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိစ္စများအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်မှ ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

မြဝတီ

◆ **ရှေ့တန်းပြန်မှ**

ဇွန်လ ၁၁ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မိုင်းခတ်ခရိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့်အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

■ **ကျောဖုံးမှအဆက်**

မျိုးဆက်သစ်လူငယ်များပေါ်ထွက်လာရေး စနစ်တကျလေ့ကျင့်သင်ကြားပေးရန်၊ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်၍ စံပြုထိုက်သော ကျောင်းသားများဖြစ်အောင် ပျိုးထောင်ပေးရန်၊ အားကစားတွင် အရည်အသွေးရှိသူများကို ထူးချွန်သည်အထိ မြေတောင်မြှောက်ပေးရန်၊ ပညာရေးဝန်ကြီးဌာနမှချမှတ်ထားသည့် သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပေးရန်၊ ဆရာ/ဆရာမများနှင့်ပတ်သက်၍ ကျွမ်းကျင်သောဘာသာရပ်အလိုက် သင်ကြားမှုတွင်ကိုက်ညီအောင် စီမံပေးရန်၊ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများကို အကျိုးရှိအောင်အသုံးချ၍ သင်ကြားပေးရန်၊ လစဉ်နှင့် နှစ်ဝက်ဆန်းစစ်စာမေးပွဲများကို အရည်အသွေးပြည့်မီအောင်စိစစ်ပြီး လိုအပ်သောဘာသာရပ်များကို အချိန်ပိုသင်ကြားပေးခြင်း စသဖြင့်တတ်မြောက်မှုနှင့် အောင်ချက်မြင့်မားစေရေး ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။






တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား တာဝန်ရှိသူတစ်ဦးက အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းဆိုင်ရာအချက်အလက်များ၊ ကျောင်းသားများ စာပေသင်ကြားနေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

❖ **သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးရာတွင် ပညာရေးပိုင်းသာမက ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်ကာ ထူးချွန်ထက်မြက်သည့် နိုင်ငံတော်နှင့် တပ်မတော်ကအားထားရသော မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာရေး စနစ်တကျလေ့ကျင့်သင်ကြား . . .**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမများအား တွေ့ဆုံနှုတ်ဆက်ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း၌ Grade-10၊ Grade-11၊ Grade-12 တို့တွင် ကျောင်းသားများ တက်ရောက်ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုပြီး အားပေးစကားပြောကြားသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းကျောင်းနှင့် ဆရာ/ဆရာမများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ဆရာ/ ဆရာမများက လက်ခံရယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များနှင့် ကျောင်းသားများ စနစ်တကျနေထိုင်စားသောက်ရေးအတွက် အိပ်ဆောင်များ၊ ထမင်းစားဆောင်များ ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကျောင်းသားများ စနစ်တကျနေထိုင် စားသောက်ရေးအတွက် ထမင်းစားဆောင်များ ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။





တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စစ်မှုထမ်းဟောင်းအိမ်ရာ (နေပြည်တော်) ဝင်းအတွင်းရှိ နေအိမ်တိုက်ခန်းများ၌ တပ်မတော်စက်ရုံများမှ ထုတ်လုပ်သော ပရိဘောဂပစ္စည်းများ ခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာ(နေပြည်တော်)သို့ရောက်ရှိကြရာ တာဝန်ရှိသူများက အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက်နေရာချထားပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိမှု၊ ရေနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာများအား လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ တည်ဆောက်ပြီး တိုက်ခန်းများအတွင်း မိသားစုများ အသင့်နေထိုင်စားသောက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အိမ်ရာနေ စစ်မှုထမ်းဟောင်းမိသားစုများ နေထိုင်၊ စားသောက်၊ သွားလာမှုအဆင်ပြေစေရေး လိုအပ်သည်များ စီမံဆောင်ရွက်ပေးရန်၊ စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည့်အပြင် အရေးကြီးသည့် တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်းများ၏ အရေးကိစ္စများကို ဂရုတစိုက်ဆောင်ရွက်ပေးရန်၊ အိမ်ရာဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျစီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

❖ **စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည့်အပြင် အရေးကြီးသည့် တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်သည့်အတွက် စစ်မှု ထမ်းဟောင်းများ၏ အရေးကိစ္စများကို ဂရုတစိုက်ဆောင်ရွက် ပေးရန်၊ အိမ်ရာဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေး စနစ်တကျ စီမံဆောင်ရွက် . . .**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အိမ်ရာဝင်းအတွင်းရှိ တည်ဆောက်ပြီးစီးနေသည့် နေအိမ်တိုက်ခန်းများနှင့် တည်ဆောက်ဆဲတိုက်ခန်းများ၊ တည်ဆောက်ပြီး အခြားအဆင့်၊ အရာရှိငယ်၊ အရာရှိကြီးတိုက်ခန်းများသို့ ပြောင်းရွှေ့လာမည့် မိသားစုများ အဆင်သင့်နေထိုင်စားသောက်နိုင်ရေးအတွက် တပ်မတော်က ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးထားသည့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သော ပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများအား ခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## President of the Republic of the Union of Myanmar H.E. U Min Aung Hlaing to make State Visit to China

At the invitation of President of the People's Republic of China His Excellency Mr. Xi Jinping, President of the Republic of the Union of Myanmar His Excellency U Min Aung Hlaing will pay a State Visit to the People's Republic of China in the near future.

During the visit, the President of Myanmar will meet with the President of China and hold bilateral talks, meet with the Premier of the State Council of the People's Republic of China and the Chairman of the Standing Committee of the National People's Congress of China. Furthermore, the President will attend the Economic Conference and the itinerary includes visits to High technology industries. Additionally, the President will receive provincial leaders and representatives from economic organizations. During the visit, the President will engage in cordial and open exchange of views to the further consolidation of the existing Pauk-Phaw relations and implementation of mutually beneficial cooperation in economic, security, and other areas between the two governments and peoples.

The President will be accompanied by Union Ministers and officials during the visit.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Dated: 12 June 2026**





# President of the Republic of the Union of Myanmar U Min Aung Hlaing receives Deputy Prime Minister and Minister of Foreign Affairs of Lao People's Democratic Republic

NAY PYI TAW June 12

A delegation led by Deputy Prime Minister and Minister of Foreign Affairs of Lao People's Democratic Republic H.E. Mr. Thongsavan PHOMVIHANE paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Parlour in Nay Pyi Taw this morning.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, and officials. The Lao Deputy Prime Minister and Foreign Minister was accompanied by Ambassador of Laos to Myanmar H.E. Mr. Bounphieng CHANTHAVONG and members of the delegation.



President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with Deputy Prime Minister and Minister of Foreign Affairs of Lao People's Democratic Republic H.E. Mr. Thongsavan PHOMVIHANE.

First, the President said Myanmar warmly welcomed the Lao Deputy Prime Minister, Foreign Minister, and delegation. The official visits of special envoys and foreign ministers from ASEAN and neighbouring countries after his presidential inauguration highlight their full appreciation of Myanmar's political developments and their will to materialize opportunities to enhance relations between Myanmar and ASEAN. Currently, Myanmar has a government chosen by the people and systematically elected through parliamentary elections. In this regard, ASEAN and neighbouring countries should not ignore the wishes of the people and the Hluttaw representatives who cast votes in support of the government. Since taking office, the government has made overtures for peace with a determination to achieve perpetual peace within five years. It fully understands that the country will be peaceful, stable, and developed only if there is peace.

The President thanked Laos for sending a special envoy to his presidential inauguration ceremony and for sending a congratulatory message on his election. Laos and Myanmar are good neighbours and close friends. Moreover, they are trustworthy fraternal nations. Hence, the Deputy Prime Minister's current visit is highly beneficial for cementing friendly relations between the two countries.

In his discussions, the Deputy Prime Minister expressed pleasure that the President took the time to receive the delegation he leads. He said the visit would make mutual friendship and relations more effective. He added, "Our President has conveyed greetings to Your Excellency, Mr. President." The two countries are good neighbours, sharing similar cultures and traditions and maintaining friendship for over 70 years. He congratulated Myanmar on its successful multi-party democracy general elections and congratulated the President on his election as the Head of State. He said he would like to personally present the invitation

See Page - 19►►

►► From Page - 18

letter sent by the Lao President to His Excellency to pay a State visit to Laos. He expressed his belief that the visit would greatly support mutual friendship between the two countries and among ASEAN member states. The government of the Lao People's Democratic Republic (LPDR) firmly stands by the elected Myanmar government's performance of State duties, he noted, adding that it was an honor for him to pay the current official visit.

They then cordially exchanged views on the progressing, longstanding mutual friendship and cooperation between the two countries; the promotion of bilateral cooperation in the political, economic, educational, health, cultural, and trade sectors; the exchange of visits between Heads of State; trade promotion via the Myanmar-Laos Friendship Bridge; and the further enhancement of existing friendship and people-to-people (P2P) cooperation. The two sides also sought means to cement relations with regional countries and ASEAN member states, apart from bilateral relations, through multi-sectoral cooperation. Furthermore, they discussed Myanmar's cooperation within ASEAN to the best of its ability, its implementation of the ASEAN Five-Point Consensus, the country's continuous march on the road to multiparty democracy, and its ongoing efforts to achieve internal peace and national progress. The meeting also covered topics including Laos' understanding of Myanmar's political developments, the hardships the two countries will overcome together, and mutual cooperation programs.

After the meeting, the President and the Lao Deputy Prime Minister and Foreign Minister exchanged commemorative gifts and posed for documentaries together with the attendees.

**Myawady**

# Two more illegal three-storey residential buildings used in committing online scam gambling in the Shwe Kokko area were systematically demolished and destroyed, making it a total of 58 illegal buildings demolished and destroyed

NAY PYI TAW June 12

Joint departmental teams are carrying out the complete demolition and destruction of illegal buildings and the systematic destruction of equipment used in operations in the Shwe Kokko and KK Park areas of Myawady Township, Kayin State, where online scam gambling operations were based, and it is reported that two more illegal three-storey residential buildings in the Shwe Kokko area were systematically demolished and destroyed today.

Out of 77 buildings used in committing online scam gambling operations in the Shwe Kokko Area, categories have been classified based on building type as 57 buildings to be demolished and destroyed using machinery and 20 buildings to be destroyed by blasting, and systematic demolition and destruction are being carried out.

Today, out of the 57 buildings designated to be demolished and destroyed using machinery, two more three-storey residential buildings were systematically demolished and destroyed using machinery, making it a total of 58 buildings systematically demolished and destroyed to date, and it is reported that the remaining 19 illegal buildings to be destroyed will continue to be systematically destroyed.

The State government, taking up the online scam gambling eradication process as a national duty to ensure it cannot be based in Myanmar at all, is actively cooperating and coordinating not only with domestic forces but also with neighbouring countries, according to reports.

**100**

Destroying illegal buildings used for operating online gambling with heavy machinery in the Shwe Kokko area, Myawady District, Kayin State.




Destroying an illegal building used for operating online gambling with heavy machinery in the Shwe Kokko area, Myawady District, Kayin State.




# 75,000 viss of shrimp paste from Dedaye Township sold well at Yangon market

DEDAYE June 12

"Local merchants and businesspersons from Dedaye Township of Ayeyawady Region sold 75,000 viss of shrimp paste to Yangon market," said Daw Kethy, the owner of fish-paste and dried fish trading in Dedaye Township.

In Dedaye Township, locally produced shrimp paste (thin shrimp paste) is mainly exported to the Yangon market. About 75,000 viss were exported within the month.

"We are exporting locally produced shrimp paste to the Yangon market and other regions. Over the past month, we were able to export up to 75,000 viss. Demand from the Yangon market has been very strong both over the past month and in the current month. At present, demand for shrimp paste has increased and prices have also risen. As trading activity has improved again, not only business owners but also workers are benefiting," said Daw Kethy.

In Dedaye, seafood traders purchase small shrimp caught by local fishermen from the sea and systematically process them into ready-to-eat shrimp paste for sale. The local shrimp paste is currently priced at up to Ks-28,000 per viss.

**SMK**

# Local market sees good trading of red butter bean in Kyonpyaw Township

KYONPYAW June 12

"The red butter bean is in high demand at the domestic market in Kyonpyaw Township of Ayeyawady Region," said Daw Yu Wai, the owner of pulses and beans trading depot in Kyonpyaw Township.

At the Kyonpyaw bean trading market, demand for red butter bean (large flat variety) has been strong since the second week of March up to the present, resulting in active trading. It is reported that more than 100 bags (each containing 16 pyi) are traded daily. The increased demand and active trading of red butter beans are attributed to growing demand in the domestic market.

"Currently, red butter beans are in higher demand than other types of beans in the local market. The domestic market is purchasing more red butter beans, which has made trading more active. Traders from Yangon have informed us that demand has increased because the beans are being exported again to foreign markets. Buying interest began around the second week of this month. In recent days, the price of red butter beans has also risen slightly. At present, butter bean growers and traders who have stored the beans are experiencing strong sales. Trading in red butter beans is expected to remain good until the next harvest season," said Daw Yu Wai.

At the Kyonpyaw bean market, a 16-pyi bag of red butter beans currently sells for up to Ks-175,000. Due to the strong demand for these beans, warehouse operators, traders, transport operators, and cargo workers involved in the trade are also benefiting.

**SK**

# Canada proposes social media ban for children under 16

OTTAWA June 12

The Canadian government has proposed a bill that would ban social media for children under the age of 16, with potential exemptions for platforms that demonstrate "sufficient safeguards."

Ottawa unveiled the proposed legislation, dubbed the Safe Social Media Act, in a press release on Wednesday.

If passed, social media platforms would be required to implement age verification and reduce children's exposure to harmful content, including child sexual exploitation, non-consensual intimate imagery, self-harm promotion, bullying, hate, violence, and terrorist or extremist material.

The bill would also regulate AI chatbots, requiring them to "mitigate the risk" of harmful outputs, and require better reporting from platforms in crisis situations, such as when users communicate intent to harm themselves or others.


A new digital safety regulator would be established to oversee and enforce the rules.

"We have seen the very serious consequences that online harms can have. As technologies evolve, we must ensure our laws keep pace, because parents cannot face these challenges alone," Canadian Culture Minister Marc Miller said in the government press release.

The bill comes amid growing international efforts to regulate children's online activity.

Late last year, Australia became the first nation to ban children under 16 from accessing major social media platforms, including Facebook, Instagram, TikTok and YouTube. Brazil and Indonesia introduced their own restrictions in May.

France has advanced legislation to bar children under 15 from social media, though the measure has yet to complete the legislative process. Other countries, including the UK, Austria and Denmark, are also developing similar restrictions.



Social media giants such as Meta Platforms, TikTok, and YouTube have come under growing scrutiny in recent months, including in a landmark product liability trial in Los Angeles over allegations that they deliberately designed their platforms to be addictive for children.

Court filings have also alleged that Meta's Facebook failed to adequately police accounts involved in the sexual exploitation and trafficking of minors, with some illicit content reportedly remaining online until after 16 violations had been recorded.

**RT**

# Slovenia's new government lifts ban on arms sales to Israel



BELGRADE June 12

The new Slovenian government, led by the Slovenian Democratic Party (SDS), has lifted the ban on arms and military equipment sales to Israel, the cabinet said.

On June 4, the Slovenian Parliament approved by a majority vote the new government led by Janez Jansa and his SDS.

"The Government of the Republic of Slovenia has adopted a resolution repealing the resolution of July 31, 2025. The Defence Ministry carries out activities related to arms exports to Israel in accordance with applicable regulations," the statement from Thursday's meeting stated.

**Sputnik**

# Cuba blames U.S. measures for power grid crisis

HAVANA June 12

The Cuban government said Thursday that the country's strained power grid is the result of U.S. measures that have tightened the economic, commercial and financial embargo Washington has maintained against the island for more than six decades.

"Those in the U.S. government who claim that the precarious state of Cuba's power system is the fault of our government are lying to hide the crime they are committing against the Cuban people," Foreign Minister Bruno Rodriguez wrote on X.

Rodriguez said Cuba's power system was not a victim of neglect but of "a brutal war," adding that those carrying it out "know perfectly well the harm it causes the population" and hide behind "lies and propaganda."

"Let us go to the facts," Rodriguez said, listing what he described as evidence of the impact of U.S. measures on Cuba's energy sector.

He said U.S. presidential memoranda known as NSPM-5, issued in 2017 and 2026, made financial and commercial pressure a central part of Washington's policy toward Cuba.

Rodriguez added that the strategy was reinforced when Washington, in January 2025, reinstated Cuba on its unilateral list of state sponsors of terrorism, making the Caribbean country a high-risk market for transactions, business and foreign investment.

Rodriguez said even before the current energy restrictions, oil tankers carrying fuel to Cuba faced threats of fines, asset seizures, exclusion from the international financial system and even interception at sea and confiscation of cargo.

"In addition, 40 foreign banks have refused to work with Cuba, blocking 140 bank transfers, many of them related to payments for solar or wind technology," he said.

Cuba's electricity generation relies largely on thermoelectric plants, many of which have been operating for more than four decades and suffer from chronic underinvestment and poor maintenance.

So far this year, Cuba, which relies heavily on imported oil, has received only one shipment: about 100,000 metric tons of crude carried by the Russian tanker Anatoly Kolodkin.

Cuba needs about eight fuel vessels each month to operate normally, according to official sources.

**Xinhua**

# 8 foreigners killed in 2 motorway accidents at same scene in Hungary

BUDAPEST June 12

Eight foreigners were killed and two others injured in two traffic accidents on Hungary's M1 motorway near the northwestern city of Gyor early Friday, police said.

A truck struck a road maintenance machine and caught fire at the 114-km section of the motorway to the Hungarian village of Hegyeshalom near the border with Austria, killing its driver at the scene, according to the Gyor-Moson-Sopron County police.

Shortly afterwards, a minibus carrying nine people crashed into a truck that had stopped due to traffic congestion caused by the previous accident. Seven people in the minibus were killed on the spot, with two others injured, the police said.

The motorway was closed in both directions while traffic was diverted during the police's investigation.

Hungarian Prime Minister Peter Magyar expressed condolences on social media to the families of the eight foreign nationals who died in the accidents, and wished the injured a speedy recovery. **Xinhua**

# Indonesia launches 1st radioactivity testing lab to boost seafood exports

JAKARTA June 12

Indonesia has launched its first radioactive contamination testing laboratory for fishery products to bolster the global competitiveness and acceptance of its seafood exports, local media reported Friday.

The lab, located in Cipayung, East Jakarta, has secured approvals from Indonesia's nuclear regulatory agency and the U.S. FDA, a local official told media.

The lab can test for a wide range of food safety parameters, including bacteria, viruses, heavy metals, residues, and now radionuclides in fish-based food.

Authorities said the facility is crucial for securing the acceptance of Indonesian seafood amid increasingly stringent international trade standards.

**Xinhua**

# Commander-in-Chief of Defence Services General Ye Win Oo inspects No. (2) Military Youth Training School and Nay Pyi Taw War Veterans' Housing



General Ye Win Oo inspects No. (2) Military Youth Training School.

NAY PYI TAW June 12

Commander-in-Chief of Defence Services General Ye Win Oo, accompanied by Chief of the General Staff (Army, Navy, and Air) Lt-Gen Ko Ko Oo, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command Commander, and responsible officials, visited and inspected No. (2) Military Youth Training School and the Nay Pyi Taw War Veterans' Housing in Pobbathiri Township, Nay Pyi Taw Union Territory, this afternoon.

First, the General and his party arrived at No. (2) Military Youth Training School. At the school office, responsible officials briefed him on the school's data, the layout of classrooms, dormitories, and dining halls, the subjects taught, curriculum matters, the availability of teaching staff, and the provision of uniforms, clothing, and supplies for the students. The General then gave guidance: students should be systematically trained not only in academic subjects but also to become physically fit, morally sound, outstanding new-generation youth upon whom the nation and the military can rely; they should be nurtured to have good morale and discipline, becoming exemplary students; talented athletes should be developed to an excellent level; teaching should follow the curriculum prescribed by the Ministry of Education; teachers should be assigned according to their subject expertise to ensure alignment; teaching aids should be utilized effectively; monthly and mid-term exams should be quality-checked, and remedial teaching provided as needed to improve proficiency and pass rates. He provided further guidance on necessary matters and coordinated required actions based on the briefings.

Afterwards, the General and party met with the teaching staff and then went around to observe students in Grade-10, Grade-11, and Grade-12 of the 2026–2027 academic year at the Military Youth Training School, offering words of encouragement. The General then presented cash rewards to the school and the teachers, which were gratefully received.

Following this, the General and party inspected the classrooms, dormitories, and dining halls to check on the living and dining arrangements for students, providing further guidance and coordinating necessary actions based on reports from officials.

Next, the General and his team arrived at the Nay Pyi Taw War Veterans' Housing. Officials briefed him on the completion status and ongoing construction of housing units, the allocation of homes to war veterans and plans for further allocations, measures taken to ensure sufficient water and electricity, and preparations made so that families can settle in and live comfortably in completed apartments.

In response to the briefings, the General instructed that necessary arrangements be made to ensure convenient living, dining, and movement for war veteran families residing in the housing. He emphasized that war veterans have faithfully served national duties and remain a crucial component of the military's strength; therefore, their affairs must be handled with care. He also directed that the housing compound be kept clean, beautiful, and pleasant, with proper drainage systems ensuring good water flow, and gave additional guidance as needed.



General Ye Win Oo inspects War Veterans' Housing.

Finally, the General and his party toured the completed and ongoing construction of apartment buildings, as well as the furniture and kitchenware produced by military factories and pre-arranged for families moving into completed quarters for other ranks, junior officers, and senior officers. He inspected these arrangements and issued further guidance to responsible officials. **100**



General Ye Win Oo hears a report from officials.

# လေထဲမှာ ၂၄ နာရီ ခုနစ်ရက်ပတ်လုံးနေနိုင်မယ့် ဒရုန်းအုပ်



အမေရိကန်နည်းပညာကုမ္ပဏီတွေဖြစ်တဲ့ Reach Power နဲ့ Gambit တို့က စီမံကိန်းတစ်ခုကို အတူပူးတွဲအကောင်အထည်ဖော်နေတယ်လို့ ထုတ်ဖော်ပြောလာပါတယ်။ စီမံကိန်းရဲ့အမည်က SWARM ပါ။ အဲဒီစီမံကိန်းအတွက်လည်း အမေရိကန်စစ်မက်ရေးရာဝန်ကြီးဌာန စစ်ဆင်ရေးစွမ်းရည်တိုးတက်စေရေးရန်ပုံငွေအဖွဲ့မှ ထောက်ပံ့မှုကိုလည်းရရှိထားပြီးပါပြီ။

သူတို့ရဲ့စီမံကိန်းက AI နည်းပညာအသုံးပြုထားတဲ့ ဒရုန်းအုပ်တစ်ခုကို ဖန်တီးဖို့ဖြစ်ပါတယ်။ ဒီလိုဖန်တီးရာမှာလည်း အဲဒီဒရုန်းအုပ်က မြေပြင်ပေါ်ကိုပြန်လည်ဆင်းသက်ပြီး အားပြန်သွင်းရတာမျိုးတွေ၊ ဘက်ထရီလဲရတာမျိုးတွေလုပ်ဖို့ မလိုအပ်ရပါဘူး။ ဒါကြောင့် သူတို့က အဲဒီဒရုန်းအုပ်ကို ကြိုးမဲ့နည်းပညာအသုံးပြုပြီး စွမ်းအင်ပေးသွားနိုင်ရေးကိုပါ တီထွင်နေကြတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် အဲဒီဒရုန်းအုပ်က လေထဲမှာ ၂၄ နာရီ ခုနစ်ရက်ပတ်လုံးလှည့်ပတ်သွားလာနေနိုင်မှာဖြစ်ပါတယ်။

လက်ရှိစစ်မြေပြင်မှာအသုံးပြုနေတဲ့ အရွယ်အစားသေးငယ်ပြီး ဈေးမကြီးတဲ့ဒရုန်းတွေဟာ ဘက်ထရီအားတစ်ကြိမ်သွင်းထားရုံနဲ့ ပျမ်းမျှအားဖြင့် မိနစ် ၃၀ ခန့်ပျံသန်းနိုင်ပါတယ်။ အဲဒီလိုဒရုန်းတွေကို အုပ်လိုက်အသုံးပြုတဲ့အခါ ထိရောက်မှုရှိတဲ့စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲဖို့အတွက် ဘယ်လိုနည်းနဲ့မှ အချိန်လုံလောက်မှုရှိစေမှာမဟုတ်ပါဘူး။ ဒါ့အပြင် အချိန်ပိုရနိုင်ဖို့အတွက် ဘက်ထရီအကြီးတွေတပ်ဆင်မယ်ဆိုရင်လည်း ဒါက ဒရုန်းအတွက် ကုန်ကျစရိတ်နဲ့ အလေးချိန်ကိုသာ တိုးလာစေမှာပါ။ ဒါဆိုရင် ဒရုန်းတွေရဲ့မူလရည်ရွယ်ချက်ဖြစ်တဲ့ ကုန်ကျစရိတ်သက်သာပြီး အလွယ်တကူစွန့်ပစ်နိုင်တဲ့ပစ္စည်းဖြစ်လာတော့မှာမဟုတ်ပါဘူး။

ဒါကြောင့် SWARM ဆိုတဲ့စီမံကိန်းပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ Reach Power ကုမ္ပဏီရဲ့ကြိုးမဲ့အားသွင်းနည်းပညာနဲ့ Gambit ကုမ္ပဏီရဲ့ မောင်းသူမဲ့စနစ်နည်းပညာတို့ကို ပေါင်းစပ်ထားတာဖြစ်ပါတယ်။ ဒီနည်းပညာတွေအရ ဒရုန်းတွေရဲ့ဘက်ထရီကိုအားသွင်းဖို့အတွက် ဒရုန်းတွေက သတ်မှတ်ထားတဲ့ ရေဒီယိုလှိုင်းနှုန်းစွမ်းအင်ရှိတဲ့နေရာတွေဆီကို အရောက်သွားရပါမယ်။ ဒီလိုသွားရာမှာလည်း လူသားတွေရဲ့အကူအညီမလိုဘဲ၊ စစ်ဆင်ရေးကိုအဟန့်အတားမဖြစ်စေဘဲ၊ မြေပြင်ပေါ်ဆင်းသက်စရာမလိုဘဲ သွားနိုင်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ Gambit ရဲ့ AI နည်းပညာက ဒရုန်းတစ်စင်းစီရဲ့ ဘက်ထရီပမာဏ၊ စစ်ဆင်ရေးလိုအပ်ချက်၊ အားသွင်းနိုင်မယ့်အခြေအနေတို့ကိုလေ့လာစောင့်ကြည့်ကာ လမ်းကြောင်းများနဲ့ လှုပ်ရှားမှုပုံစံများကို အချိန်နဲ့တစ်ပြေးညီချိန်ညှိမှုတွေလုပ်သွားမှာဖြစ်ပါတယ်။

အခုလိုမျိုးနည်းပညာများနဲ့ အဆင့်မြှင့်တင်မှုတွေလုပ်လိုက်တဲ့အခါ ဒရုန်းအုပ်တွေက လေထဲမှာအချိန်ပြည့်နေနိုင်မှာဖြစ်တဲ့အတွက် ဒရုန်းအသုံးပြုသူများအနေနဲ့ ဒရုန်းများအတွက်လိုအပ်ချက်ကို စိုးစဉ်းမျှစိတ်ပူစရာမလိုဘဲ ကိုယ်လုပ်ရမယ့်စစ်ဆင်ရေးအောင်မြင်ဖို့ကိုသာ အဓိကဦးစားပေးနိုင်စေမှာဖြစ်တယ်လို့ကုမ္ပဏီများမှ တာဝန်ရှိသူများက ဂုဏ်ယူစွာပြောထားပါတယ်။

**Ref: IE**

**ကိုထက်**

# ကီလိုဝပ်နာရီ ၁၂၀၀၀၀ သိုလှောင်နိုင်တဲ့ တရုတ်နိုင်ငံရဲ့ အကြီးဆုံး ဆိုလာ-ဟိုက်ဒရိုဂျင်စီမံကိန်း



တရုတ်နိုင်ငံက သူတို့အတွက်အကြီးဆုံးဖြစ်တဲ့ စွမ်းအင်စီမံကိန်းတစ်ခုကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပါပြီ။ အဲဒီစီမံကိန်းက ဆိုလာစွမ်းအင်ရယ်၊ ဟိုက်ဒရိုဂျင်စွမ်းအင်ထုတ်လုပ်မှုရယ်၊ ရရှိလာတဲ့လျှပ်စစ်ဓာတ်အားတွေကို သိုလှောင်နိုင်တဲ့စနစ်တို့ကို ပေါင်းစည်းထားတာဖြစ်ပါတယ်။ ဒါဟာ ပိုမိုအားကိုးအားထားပြုရတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စနစ်များကို ဖန်တီးနေတဲ့ တရုတ်နိုင်ငံအတွက် အကြီးမားဆုံးသော အောင်မြင်မှုလည်းဖြစ်ပါတယ်။ ဒီစီမံကိန်းက တရုတ်နိုင်ငံ ကျန်းစုပြည်နယ် ရူတုန်ကမ်းလွန်မှာတည်ရှိတာဖြစ်ပြီး မကြာသေးခင်ကမှ အောင်မြင်စွာပြီးစီးခဲ့တာဖြစ်ပါတယ်။

ရူတုန်စီမံကိန်းထဲမှာ လျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ် ၄၀၀ အထိထုတ်ပေးနိုင်တဲ့ ဆိုလာပြားတွေကို တပ်ဆင်ထားပြီး ကီလိုဗို့ ၂၂၀ ရှိတဲ့ ကမ်းနီးဒေသရှိ အားဖြည့်စခန်းတစ်ခုတို့ပါဝင်ပါတယ်။ ဒါ့အပြင် စီမံကိန်းထဲမှာ တစ်နာရီကို ဟိုက်ဒရိုဂျင်စွမ်းအင် ၁၅၀၀ ကုဗမီတာထွက်ရှိမယ့် ဟိုက်ဒရိုဂျင်ထုတ်လုပ်ရေးစက်ရုံတစ်လုံးနဲ့အတူ လျှပ်စစ်ဓာတုစွမ်းအင်သိုလှောင်ရေးစခန်းတစ်ခုလည်းပါဝင်ပါတယ်။ ဒါ့အပြင် ဒီစီမံကိန်းကြီးဟာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ဟိုက်ဒရိုဂျင်ထုတ်လုပ်မှု၊ စွမ်းအင်သိုလှောင်မှု၊ စွမ်းအင်ပြည့်အသုံးပြုနိုင်မှု၊ ကမ်းရိုးတန်းဂေဟစနစ်စီမံခန့်ခွဲမှုတို့ကို တစုတစည်းတည်းပေါင်းထားတဲ့ ပထမဆုံးသော စီမံကိန်းကြီးလည်းဖြစ်ပါတယ်။

အဲဒီစီမံကိန်းကရရှိလာတဲ့ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားတွေကို ဓာတ်အားလိုင်းထဲတစ်ခါတည်းထည့်လို့ရသလို ဘက်ထရီတွေထဲမှာလည်း သိုလှောင်ထားနိုင်ပါတယ်။ ဒါ့အပြင် ရေထဲက ဟိုက်ဒရိုဂျင်ထုတ်ယူဖို့အတွက်လည်း သုံးနိုင်ပါသေးတယ်။ ဒါကြောင့် လိုအပ်ရင်လိုအပ်သလိုအသုံးပြုနိုင်စေတဲ့ ဘက်စုံစနစ်ကြီးတစ်ခုလို့ပြောရင်လည်း မမှားပါဘူး။ နောက်တစ်ချက်က ဟိုက်ဒရိုဂျင်ကိုပါ ထုတ်လုပ်နိုင်တဲ့အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီအောင်ဖြည့်ပေးနိုင်စွမ်းရှိတာဖြစ်ပါတယ်။ ဒီစီမံကိန်းကြီးတစ်ခုလုံးရဲ့ပေါင်းစပ်ထားတဲ့ လျှပ်စစ်စွမ်းအင်ပမာဏက ကီလိုဝပ်နာရီပေါင်း ၁၂၀၀၀၀ အထိရှိပါတယ်။

ဆိုလာစွမ်းအင်ဆိုတာ အကန့်အသတ်မရှိ ရရှိနိုင်ပါတယ်။ ဒါပေမဲ့ အသုံးမပြုဖြစ်ရင် အလဟဿဖြစ်သွားရစမြဲပါ။ ဒါကြောင့်အခုစီမံကိန်းမှာ ဟိုက်ဒရိုဂျင်ထုတ်လုပ်မှုစက်ရုံရယ်၊ စွမ်းအင်သိုလှောင်မှုစနစ်ရယ် ပေါင်းစပ်လိုက်တာဟာ တကယ့်ကိုကောင်းမွန်တဲ့စနစ်တစ်ခုဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ ဒီစီမံကိန်းကနေပြသနေတဲ့အရာတစ်ခုကတော့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကိုသာ အကျိုးရှိရှိနဲ့ ထိရောက်မှုရှိရှိသုံးစွဲမယ်ဆိုရင် ကမ္ဘာကြီးပူနွေးလာမှုကိုလည်း အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မှာဖြစ်တယ်လို့ ပညာရှင်များက သုံးသပ်ထားပါတယ်။

**Ref: IE**

**ကိုထက်**

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးအနိုင်ရရှိသည့်အသင်းအဖြစ် မက္ကဆီကိုအသင်းမှတ်တမ်းဝင်

မက္ကဆီကိုစီးတီး ဇွန် ၁၂



၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးအနိုင်ရရှိသည့်အသင်းအဖြစ် မက္ကဆီကိုအသင်း၊ ပထမဆုံးသွင်းဂိုးရှင်အဖြစ် မက္ကဆီကိုအသင်းမှ ကွီနိုနက်နှင့် ပထမဆုံးအနီကတ်ပြသခံရသူအဖြစ် တောင်အာဖရိကအသင်းမှ ဆစ်ဟိုလီတို့က ရပ်တည်နေကြောင်း သိရသည်။

မက္ကဆီကိုနိုင်ငံ၊ ကနေဒါနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်မက္ကဆီကိုအသင်းနှင့် တောင်အာဖရိကအသင်းတို့ကစားရာ မက္ကဆီကိုအသင်းက ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မက္ကဆီကိုအသင်းက တောင်အာဖရိကအသင်းကို ၂ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် မက္ကဆီကိုအသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်တွင် ကွီနိုနက်ကသွင်းယူနိုင်ပြီးနောက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးသွင်းဂိုးရှင်အဖြစ် ရပ်တည်နိုင်ခဲ့ပြီး မက္ကဆီကိုအသင်းအတွက် ဒုတိယသွင်းဂိုးကို ပွဲချိန် ၆၇ မိနစ်တွင် အသင်းခေါင်းဆောင် ရာအူး ဂျီမီနက်က သွင်းယူနိုင်သည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင်မက္ကဆီကိုအသင်းက တောင်အာဖရိကအသင်းကို ပွဲချိန်တစ်လျှောက်လုံး ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သည်။ တောင်အာဖရိကအသင်းမှ ကစားသမားများအနေဖြင့် ခက်ခက်ခဲခဲကစားရပြီး ပွဲချိန် ၄၉ မိနစ်တွင် ဆစ်ဟိုလီအနေဖြင့် တိုက်ရိုက်အနီကတ်ပြသခံရပြီးနောက် လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အနီကတ်ပြသခံရသည့် ပထမဆုံးကစားသမားအဖြစ် ရပ်တည်နေသကဲ့သို့ ပွဲချိန် ၈၄ မိနစ်တွင်လည်း သမ်ဘာအနေဖြင့် တိုက်ရိုက်အနီကတ်ပြသခံရသည့်အတွက် တောင်အာဖရိကအသင်းအနေဖြင့် အဖွင့်ပွဲစဉ်တွင် တစ်ပွဲတည်း အနီကတ်နှစ်ကြိမ်ပြသခံရသည့်အသင်းဖြစ်လာခဲ့သည်။

ထို့ပြင် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို ၉၂ မိနစ်တွင်လည်း မက္ကဆီကိုအသင်းမှ ခံစစ်ကစားသမား မွန်တက်လည်း တိုက်ရိုက်အနီကတ်ပြသခံရသည့်အတွက် တစ်ပွဲတည်းအနီကတ်သုံးကြိမ်ပြသရသောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင်လည်း အနီကတ် သုံးကြိမ်ပြသခံရသည့် ပထမဆုံးအဖွင့်ပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref:Fotmob**

## ဖိလစ်ပိုင်ငလျင်၌ သေဆုံးသူ ၅၅ ဦးအထိ မြင့်တက်လာ ၃၈ ဦးပျောက်ဆုံးနေ

**မနီလာ၊ သဘာဝဘေး**

ဖိလစ်ပိုင်နိုင်ငံ၌ ဇွန်လ ၈ ရက်တွင်လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် သေဆုံးသူစုစုပေါင်း ၅၅ ဦးအထိမြင့်တက်လာပြီဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိသူ ၁၁၂၀ဦးရှိကာ ၃၈ ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေးလျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ဇွန်လ ၁၂ ရက်တွင်ထုတ်ပြန်ထားသည်။

ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူရှိသော အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် လူဦးရေ ၃၉၀၀၀၀ ကျော်ပါဝင်သည့် အိမ်ထောင်စု ၈၆၀၀၀ ကျော်မှာ သဘာဝဘေးဒဏ်သင့်ရပြီး အိမ်ခြေ ၁၉၀၀၀ ခန့်ပျက်စီးကာ မြို့ပေါင်း ၄၈ မြို့တွင် လျှပ်စစ်ဓာတ်အားပေးဝေမှုများပြတ်တောက်ခဲ့ရမှုနှင့် တံတားများ၊ လမ်းများ၊ လေဆိပ်များနှင့် သင်္ဘောဆိပ်များလည်းပျက်စီးမှုဖြစ်ပွားကြောင်း အဆိုပါကောင်စီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: Xinhua**

## အီရန်နှင့် ရက်ပိုင်းအတွင်း သဘောတူညီချက်လက်မှတ်ထိုးနိုင်မည်ဟု ထရမ့်ပြော၊ နောက်ဆုံးသဘောတူညီချက်မရသေးဟု အီရန်တုံ့ပြန်




**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်အစိုးရသည် အီရန်စစ်ပွဲကို ပြေငြိမ်းရေးအတွက် သဘောတူညီချက်တစ်ခုကို ရရှိခဲ့ပြီဖြစ်ကြောင်းနှင့် အဆိုပါသဘောတူညီချက်ကို ရက်ပိုင်းအတွင်းမှာပင်လက်မှတ်ထိုးနိုင်မည်ဟု မျှော်လင့်ထားကြောင်း အမေရိကန်သမ္မတဒေါ်နယ် ထရမ့်က ဇွန်လ ၁၁ ရက်တွင်ပြောသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲကို လာမည့်သီတင်းပတ်တွင် ဥရောပ၌ကျင်းပမည်ဖြစ်ပြီး ထိုလက်မှတ်ရေးထိုးပွဲသို့ ဒုတိယသမ္မတ ဂျေဒီဗန့်ကိုယ်တိုင်တက်မည်ဖြစ်ကြောင်း ထရမ့်က အိမ်ဖြူတော်၌သတင်းထောက်များကိုပြောခြင်းဖြစ်သည်။ ထို့ပြင် သဘောတူညီချက်အတွက် စာရွက်စာတမ်းများမှာ နောက်ဆုံးအခြေအနေသို့ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် လိုအပ်သည့်အချက်များ အမြန်ဆုံးပြည့်စုံမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ထို့နောက် အဆိုပါသဘောတူညီချက်ကို အီရန်ဦးဆောင်ဘက်က လက်ခံနိုင်ခြင်းရှိ၊ မရှိနှင့်ပတ်သက်၍ သတင်းထောက်က မေးမြန်းရာ အီရန်အနေဖြင့် ထိုသဘောတူညီချက်ကို လက်ခံမည်ဟုနားလည်ထားကြောင်း ထရမ့်ကအခိုင်အမာပြောသည်။

သို့သော် ထရမ့်၏အဆိုပါပြောဆိုချက်နှင့်ပတ်သက်၍ နှစ်နိုင်ငံကြားနောက်ဆုံးသဘောတူညီချက်ရရှိမှုမရှိသေးကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ အက်စမေးဘာဂါအီကပြောထားသည်။ သဘောတူညီချက်နှင့်ပတ်သက်၍ တာဝန်ရှိသူများက စကားလုံးတစ်လုံးချင်းစီကို စိစစ်သုံးသပ်နေဆဲမှာပင် အမေရိကန်၏တိုက်ခိုက်မှုများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုနှောင့်ယှက်ဖျက်ဆီးခြင်းဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ **Ref: Xinhua, RT**

## ရုရှားက ပဋိပက္ခကို ရှာဖွေနေခြင်းမဟုတ်ဟု NATO တပ်ဖွဲ့၏ စစ်ဘက်အကြီးအကဲပြော

**ဘရပ်ဆဲ၊ နိုင်ငံရေး**

ရုရှားနိုင်ငံသည် ပဋိပက္ခများကိုရှာဖွေနေသည့်နိုင်ငံမဟုတ်ကြောင်းနှင့် NATO တပ်ဖွဲ့၏ပိုင်နက်နယ်မြေကို တိုက်ခိုက်ရန် အစီအစဉ်မရှိကြောင်း အဆိုပါတပ်ဖွဲ့၏ စစ်ဘက်အကြီးအကဲကပြောသည်။ ၎င်းအနေဖြင့် ထောက်လှမ်းရေးသတင်းများကို သေချာစွာကြည့်ရှုထားပြီးဖြစ်ကြောင်း၊ ရုရှားနိုင်ငံသည် ခံစစ်မဟာမိတ်ပြုခြင်းဟူသည့် အဓိပ္ပာယ်ကိုကောင်းစွာနားလည်ကြောင်း ဗိုလ်ချုပ်ကြီး အဲလက်ဆက်ဂရင်းကီဝစ်ကပြောသည်။

NATO တပ်ဖွဲ့အနေဖြင့် ၂၀၂၉ ခုနှစ်တွင်ဖြစ်လာနိုင်သော ရုရှားနိုင်ငံနှင့် ထိပ်တိုက်တွေ့ဆုံမှုအတွက်ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ထားသင့်ကြောင်း ဂျာမနီအပါအဝင် အနောက်နိုင်ငံများက စေ့ဆော်မှုများလုပ်ဆောင်နေစဉ် NATO တပ်ဖွဲ့၏ စစ်ဘက်အကြီးအကဲက ယခုကဲ့သို့ပြောခြင်းဖြစ်သည်။ ရုရှားနိုင်ငံကလည်း NATO တပ်ဖွဲ့ကသာ ဦးစွာတိုက်ခိုက်မှုမလုပ်ပါက ရုရှားဘက်က တိုက်ခိုက်မှုလုပ်မည်မဟုတ်ကြောင်းအတိအလင်းပြောထားသည်။ **Ref: RT**

## ကနေဒါက ၁၆ နှစ်အောက် ကလေးများကို ဆိုရှယ်မီဒီယာအသုံးပြုမှု ကန့်သတ်ရန်စီစဉ်နေ

**အော့တဝါ၊ ပြည်တွင်းရေး**

ကနေဒါအစိုးရသည် အသက် ၁၆ နှစ်အောက်ကလေးများအနေဖြင့် ဆိုရှယ်မီဒီယာအသုံးပြုမှုကို ကန့်သတ်ရန်စီစဉ်နေပြီး ဥပဒေကြမ်းတစ်စောင်ကိုတင်သွင်းထားကြောင်းသိရသည်။ အဆိုပါဥပဒေကြမ်းတွင် ကလေးများအတွက်လုံလောက်သောဘေးကင်းစိတ်ချရမှုရှိသည်ဟု သက်သေပြနိုင်သော ပလက်ဖောင်းများကိုမူ ကင်းလွတ်ခွင့်ပြုမည်ဟုဖော်ပြထားသည်။

အဆိုပါဥပဒေကြမ်းကို အတည်ပြုနိုင်ပြီဆိုပါက ဆိုရှယ်မီဒီယာပလက်ဖောင်းများအနေဖြင့် အသုံးပြုသူများ၏အသက်ကိုစိစစ်မှု၊ အန္တရာယ်ရှိသောအကြောင်းအရာများကို ကလေးများအားပြသခြင်းကို လျှော့ချမှုတို့လုပ်ဆောင်ရမည်ဖြစ်သည်။

ထိုဥပဒေတွင် AI များလည်းအကျုံးဝင်ကာ အဆိုပါ AI များအနေဖြင့် ကလေးများအတွက် အန္တရာယ်ရှိသည့်အရာများကိုဖော်ပြခြင်းကိုလျှော့ချရမည်ဖြစ်ပြီး အသုံးပြုသူက ကိုယ့်ကိုယ်ကိုယ် သို့မဟုတ် အခြားသူကို ထိခိုက်မှုဖြစ်စေမည့်ရည်ရွယ်ချက်ဖြင့် ဆက်သွယ်လာသည့်အခြေအနေမျိုးတွင် ပလက်ဖောင်းများက အကောင်းဆုံးသတင်းပေးပို့မှုများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်းသိရသည်။ **Ref: RT**

## မြောက်ကိုရီးယားသို့ ဒရုန်းများစေလွှတ်မှုအတွက် ယွန်းဆက်ယို ထောင်ဒဏ်နှစ် ၃၀ ချမှတ်ခံရ





**ဆိုး၊ နိုင်ငံရေး**

တောင်ကိုရီးယားသမ္မတဟောင်း ယွန်းဆက်ယိုသည် မြောက်ကိုရီးယားနိုင်ငံသို့ စစ်သုံးဒရုန်းများကို စေလွှတ်ခဲ့မှုအတွက် ဇွန်လ ၁၂ ရက်တွင် ထောင်ဒဏ်နှစ် ၃၀ ချမှတ်ခံရကြောင်းသိရသည်။ ထိုသို့ ဒရုန်းများစေလွှတ်ခြင်းကြောင့် နောက်ဆက်တွဲအနေဖြင့် ဖြစ်လာနိုင်သည့်အခြေအနေအပေါ် ကြိုတင်ကာကွယ်သည့်အနေဖြင့် နိုင်ငံကိုမာရှယ်လောထုတ်ပြန်ခြင်းဖြစ်ကြောင်း အစိုးရဘက်ရှေ့နေများကပြောသည်။

မြောက်ကိုရီးယားဘက်က လက်နက်ကိုင်တိုက်ခိုက်မှု သို့မဟုတ် ဝါဒဖြန့်လက်ကမ်းစာစောင်များကြဲခြင်းကို လက်တုံ့ပြန်လုပ်ဆောင်လာမည်ဟု ယွန်းဆက်ယိုက မျှော်မှန်းကာ မြောက်ကိုရီးယားဘက်သို့ ဒရုန်းများစေလွှတ်ခြင်း၊ ဝါဒဖြန့်လက်ကမ်းစာစောင်များကြဲချခြင်းတို့ကိုလုပ်ဆောင်ခြင်းဖြစ်ကြောင်း တရားသူကြီးများကပြောသည်။ ထို့ပြင် ယွန်းဆက်ယိုသည် တောင်ကိုရီးယားနှင့်မြောက်ကိုရီးယားနိုင်ငံတို့ကြားတွင် တင်းမာမှုများမြင့်တက်လာစေရေးနှင့် နိုင်ငံတော်ကိုအကျပ်အတည်းဖြစ်အောင်ဖန်တီးရေးအတွက် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့မှသာ ၎င်း၏မာရှယ်လောက အဓိပ္ပာယ်ရှိမည်ဟု ယူဆခြင်းဖြစ်ကြောင်း တရားသူကြီးများကပြောသည်။ ယွန်းဆက်ယိုက မာရှယ်လောမထုတ်ပြန်မီနှစ်လခန့်အလိုတွင် တောင်ကိုရီးယားမှစစ်သုံးဒရုန်းများက မြောက်ကိုရီးယားသို့ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: ST**

## ကန္တာရဒေသများတွင် ဆိုးရွားသောရေကြီးမှုများ ဖြစ်ပွားနိုင်ဟု တရုတ်သတိပေး

**ပေကျင်း၊ သဘာဝဘေး**

ပုံမှန်မဟုတ်သော အပူချိန်မြင့်တက်မှု၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေခဲတောင်များအလွန်လျင်မြန်စွာ အရည်ပျော်ကျမှုတို့ကြောင့် ယခုနှစ်နွေရာသီတွင် နိုင်ငံရှိကန္တာရဒေသများ၌ ပြင်းထန်ဆိုးရွားသောရေကြီးမှုများဖြစ်ပွားနိုင်ကြောင်း တရုတ်တာဝန်ရှိသူများက ဇွန်လ ၁၂ ရက်တွင် သတိပေးထားသည်။

အထူးသဖြင့် နိုင်ငံအနောက်မြောက်ပိုင်းရှိ ရှင်းကျန့်ဒေသနှင့် အနီးအနားဒေသတို့တွင် ရေကြီးမှုဖြစ်ပွားနိုင်ကြောင်း၊ တရုတ်နိုင်ငံ၏အကြီးဆုံးသောကန္တာရဖြစ်သည့် ရှင်းကျန့်ဒေသရှိ တက်ကလာမာခန်ကန္တာရသည် ယခုနှစ်အတွင်းပထမဆုံးအကြိမ်ရေကြီးမှုကို ဇွန်လအစောပိုင်းတွင်ကြုံတွေ့ထားပြီးဖြစ်ကြောင်း CCTV သတင်းဌာနက ဇွန်လ ၁၂ ရက်တွင်ဖော်ပြထားသည်။

တက်ကလာမာခန်ကန္တာရသည် ၂၀၂၁ ခုနှစ်မှစ၍ ယခုကဲ့သို့ရေကြီးမှုများနှင့်ရင်ဆိုင်နေရခြင်းဖြစ်သော်လည်း ပုံမှန်အားဖြင့် အပူချိန်အမြင့်ဆုံးသို့ရောက်ရှိသည့် ဩဂုတ်လမှသာ ဖြစ်ပွားခြင်းဖြစ်သည်။ ယခုနှစ်တွင်မူ အပူချိန်ကပုံမှန်ထက်စော၍ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ဇွန်လ ၁၂ ရက်တွင် ရှင်းကျန့်ဒေသ၏အပူချိန်သည် ၃၈ ဒီဂရီစင်တီဂရိတ်ရှိရာ ပျမ်းမျှအပူချိန်ထက် ၇ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ပိုပူနေကြောင်း မိုးလေဝသပညာရှင်များကပြောသည်။ **Ref: ST**



# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး


ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန် ဆေးကုသမှု ခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ နှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။


အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်သူရ ဆေးကုသမှု ခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက် ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။


အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး ဆေးကုသမှုခံယူ နေသူတစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ နှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။


အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး ဆေးကုသမှု ခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက် ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။


အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ငွေး ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။


တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက် ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။


အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင် ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။


အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဇော ဆေးကုသမှု ခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက် ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။


ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၂

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ

**စာမျက်နှာ ၂၅ သို့ ➡**

❍ ကျောဖုံးမှအဆက်

ခဲယမ်းများနှင့်အတူ ယနေ့တွင်ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အဦများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင်အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် ရွှေတောင်မြို့မှ အမျိုးသား ၂ ဦး၊ ရေတာရှည်မြို့မှ အမျိုးသား ၂ ဦး၊ အုတ်ဖိုမြို့မှ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၃ ဦး၊ နေပြည်တော်ကောင်စီနယ်မြေမှ အမျိုးသား ၁ ဦး၊ တောင်ကုတ်မြို့မှ အမျိုးသား ၁ ဦး၊ တာမွေမြို့နယ်မှ အမျိုးသား ၁ ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား ၁ ဦး၊ သဲကုန်းမြို့မှ အမျိုးသား ၁ ဦး၊ နတ်တလင်းမြို့မှ အမျိုးသား ၁ ဦး၊ တိုက်ကြီးမြို့မှ အမျိုးသား ၁ ဦး၊ ပုသိမ်မြို့မှ အမျိုးသား ၁ ဦး၊ ဇလွန်မြို့မှ အမျိုးသား ၁ ဦး၊ ဒိုက်ဦးမြို့မှ အမျိုးသား ၁ ဦး၊ မြင်းမူမြို့မှ အမျိုးသမီး ၁ ဦး၊ နတ်မောက်မြို့မှ အမျိုးသမီး ၁ ဦး၊ ပန်းတောင်းမြို့မှ အမျိုးသမီး ၁ ဦး၊ ဇီးကုန်းမြို့မှ အမျိုးသမီး ၁ ဦး၊ စုစုပေါင်း PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ၇ ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်၊ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 သေနတ် ၁ လက်၊ MA -2 သေနတ် ၁ လက်၊ M-16 သေနတ် ၂ လက်၊ M-4 သေနတ် ၄ လက်၊ လက်လုပ်လက်ပစ်ဗုံး ၁ လုံး၊ ရှေ့ထွက်မိုင်း ၁ လုံး၊ ၅ ဒသမ ၅၆ မမကျည် ၂၀ တောင့်၊ ကျည်အိမ် ၇ ခု၊ အမ် ၄ ကျည် ၁၂၀ တောင့်နှင့် အမ် ၁၆ ကျည် ၁၇ တောင့်တို့ကိုလွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၈ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၄၀၀ ၊ လက်ပစ်ဗုံး ၁ လုံးအတွက် ဆုကြေး ငွေကျပ် ၃ သိန်း၊ ရှေ့ထွက်မိုင်း ၁ လုံးအတွက် ဆုကြေးငွေ ၃ သိန်းနှင့် အလင်းဝင်ရောက်လာသူ ၂၃ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် ၃ သိန်းစီပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ ကိုယ်စား အလင်းဝင်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“ကျွန်တော်က ၃၈၀၁ မှာပါ။ အဲဒီမှာကတော့ မကြာဘူးပေါ့နော်။ ကျွန်တော် ၂၀၂၁၊ ၄/၅ လ လောက်ပဲ ကြာလိုက်တယ်။ အဲ့ကနေပြီး ရခိုင်ကို ရောက်သွားတယ်။ အစကကတော့လက်နက်မရှိတော့လက်နက်ရှိတဲ့နေရာ သွားပူးတွဲတိုက်ပေးရတာပေါ့။ ကျွန်တော်တို့ အစပိုင်းကတော့ ယူဆမိတယ်ပေါ့။ အခုနောက်ပိုင်းတော်တော်များများကတော့ အောင်မြင်မယ်လို့လည်း မထင်မိတော့ဘူး။ ဘယ်လိုအကြောင်းကြောင့်လဲဆို အကျင့်ပျက်ခြစားတဲ့ ပုဂ္ဂိုလ်





တွေကြောင့်ပေါ့နော်။ တချို့ခေါင်းဆောင်တွေဆိုရင်ကောင်းမွန်တဲ့ကားတစ်စီးနဲ့သွားတယ်။ လာတယ်။ KTV တွေတက်တယ်။ အောက်ခြေက ရဲဘော်တွေကတော့ ရှေ့မှာ အသက်တွေပေးလို့ပေါ့နော်။ ဒါမျိုးတွေလည်း ကြုံတွေ့နေရတာပေါ့။ အလင်းဝင်ဖို့ကတော့ ကြာပါပြီ။ အခွင့်မသာလို့ပေါ့နော်။ အရင်ဆုံး အမေ့ကို လှမ်းပြောတယ်။ အလင်းဝင်သင့်လားလို့၊ အမေကလည်း ပြန်ပြီး အလင်းဝင်ဖို့ပြောတယ်။ ဒီဘက်က တစ်ဆင့်အစ်ကိုကြီးလှမ်းချိတ်တယ်၊ ချိတ်ပြီးတော့မှ ပြန်ဝင်တာပါ။ မဝင်ခင်ကတော့ ရှိခဲ့ပါတယ်။ တော်တော်လည်းစိုးရိမ်မှုတွေ ရှိခဲ့ပါတယ်။ ကျွန်တော်တို့ကြားထားတာနဲ့ တခြားစီပေါ့နော်။ ဒီဘက်ရောက်တော့ ကျွန်တော်တို့ကို ကြိုဆိုပါတယ်။ လိုအပ်ချက်မရှိအောင်လည်း အကုန်လုံး ဆောင်ကြဉ်းပေးတယ်။ စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ကအစ အကုန်လုံး ပြည့်ပြည့်စုံစုံပါပဲ။ ကိုယ့်အိမ်မှာတောင် အဲ့လောက်ထိ မပြည့်စုံဘူး။ သူတို့ ဟိုဘက်မှာ ဝါဒဖြန့်ထားတာတွေ အဲ့လိုမျိုးပေါ့နော်။ ဒီဘက်သွားလို့ရှိရင် အလင်းဝင်တာပဲဖြစ်ဖြစ်၊ အဖမ်းဆီးခံရတာပဲဖြစ်ဖြစ်၊ သတ်ဖြတ်တာမျိုးတို့၊ ပြီးရင် ထောင်ချတာမျိုးတို့၊ ပြီးရင် ဒီ ပစထဲ ထည့်တာမျိုးတို့ ပြောကြတာပါပဲ။ အခု ကျွန်တော်တို့ကိုယ်တိုင် ဝင်လာတော့ အခု ကျွန်တော်တို့ အေးဆေးပါပဲ။ အခု ကိုယ့်အိမ်ကို ပြန်ရမယ်လေ။ ကျွန်တော့်အနေနဲ့ကတော့ ဟို ဒီ တွေဝေမနေကြပါနဲ့လို့နော်၊ ကျွန်တော့် ညီအစ်ကိုတွေပေါ့နော်။ အကုန်လုံး ကိုယ့်အိမ်ကိုယ့်ရာကို ပြန်ရပါတယ်လို့။ ပြန်ပြီးတော့ ဒီ တပ်မတော်ကလည်း ကြိုဆိုပါတယ်တဲ့ နွေးနွေးထွေးထွေးနဲ့။ ဘာမှလည်း မလုပ်ပါဘူးလို့နော်။ ကိုယ့်မိဘရှိရာကို ပြန်အပ်ပေးတယ်၊ ပြီးရင်ကျွန်တော်တို့ကိုထောက်ပံ့မှုတွေပေးတယ်။ အလုပ်အကိုင်တွေကအစ အကုန်ပေးပါတယ်။ အဲ့အထဲမှာရှိနေတဲ့၊ အမှောင်ထဲမှာရှိနေတဲ့သူ အကုန်လုံး ကျွန်တော်တို့ပြန်ပြီးတော့ ဖိတ်ခေါ်ပါတယ်” ဟု ပြောသည်။

“သူငယ်ချင်းတွေ စုပြီးတော့ ငါတို့လည်း ဝင်ကြမယ်ပေါ့။ လိုင်းပေါ်ကနေ သူငယ်ချင်းတွေနဲ့ပေါ့ ချိတ်ပြီးတော့ ဝင်သွားတာ။ ပထမ ကျွန်တော်တို့က တပ်ခွဲကနေ ပြီးတော့ တာဝန်ထမ်းဆောင်တာ။ တပ်ခွဲကနေပြီးတော့ ရာထူးတက်သွားတော့ တပ်ရင်းဖြစ်သွားတာ။ တပ်ရင်းမှာဆက်ပြီး တာဝန်ထမ်းဆောင်တာ။ တိုက်ပွဲကတော့ခေါ်တာတော့ လိုက်ဖူးတယ်။ ဒါပေမဲ့ တိုက်ပွဲထဲကို ထိထိရောက်ရောက်တော့မရောက်ခဲ့ဘူး။ မိသားစုတွေနဲ့ကတော့ အဆက်အသွယ်ရတယ်။ ကိုယ်ဝင်ကတည်းကပေါ့ မိသားစုတွေကတော့ သဘောမကျဘူး။ အလင်းဝင်ဖို့ကျတော့ ကျွန်တော်တို့ မြို့နယ်ကပဲ အဲ့ဒီကနေ ချိတ်ဆက်ပြီး ဝင်လိုက်တာ။ ကြောက်တော့ကြောက်ခဲ့တယ်။

ဒီလို အလင်းဝင်ဖို့ဆိုတာတော့ ကိုယ်တစ်ယောက်တည်းမဟုတ်ဘူး၊ ကိုယ့်အဖွဲ့အစည်းမှာလည်း ဝင်ချင်တဲ့လူတွေရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီဘက်ကို ဝင်လိုက်ပြီဆိုရင် ဒီဘက်က ကိုယ်ထင်ထားသလို မဖြစ်မှာလည်း ကြောက်တယ်။ ဟိုဘက်ကလည်း အဲ့အတိုင်းပဲ။ အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ အခု ရှုံးပေါ်မှာရောက်နေတဲ့ လူငယ်တွေအကုန်လုံး ကိုယ့်အိမ်ကို ပြန်ချင်နေကြတဲ့သူတွေချည်းပဲ။ ကျွန်တော်တို့ တစ်ယောက်တည်းမဟုတ်ဘူး၊ ကျွန်တော်လည်း အဖွဲ့အစည်းထဲမှာ နေလာတာဖြစ်တဲ့အတွက် အဖွဲ့အစည်းက လူတွေအကြောင်းကိုသိတယ်။ သူတို့လည်း သူတို့အိမ် သူတို့ ပြန်ချင်တယ်။ ဒါပေမဲ့ ဒီဘက်ကို အလင်းဝင်ဖို့ဆိုတာလည်း တွန့်ဆုတ်တယ်။ ဘာလို့လဲဆိုတော့ ဘယ်လိုပုံစံမျိုးနဲ့ ဘယ်လိုဖြစ်မလဲဆိုတာ ဘယ်သူမှမသိကြဘူး။

အကုန်လုံးနီးပါးကတော့ ကိုယ့်အိမ်ကိုယ် ပြန်ချင်နေကြပြီ။ စိတ်တွေ မပါကြတော့ဘူးပေါ့။ နှစ်တွေလည်း ကြာနေပြီဆိုတော့။ ကိုယ်က ဟိုဘက်ထဲကနေပြီးတော့ ဒီဘက်ထဲကို ဝင်လာတယ်ဆိုပြီးတော့ မတူဘူးပေါ့။ ဒါပေမဲ့ ဒီဘက်ရောက်တော့ နွေးနွေးထွေးထွေးနဲ့ အကောင်းဆုံးကြိုဆိုတယ်။ ကိုယ်တွေ ထင်ထားတာထက်တောင် ပိုပြီးတော့ ကောင်းမွန်ပါတယ်။ သူတို့ကိုလည်း သူတို့မိဘတွေနဲ့ဆုံစည်းပြီး ပြန်နေစေချင်တယ်ပေါ့။ အကုန်လုံးကို ဒီကနေ ဖိတ်ခေါ်တယ်ပေါ့။ မိသားစု စုံစုံလင်လင်နဲ့ ဖြစ်စေချင်တယ်”ဟု ပြောသည်။

(၁၀၀)

➡ စာမျက်နှာ ၂၄ မှအဆက်

တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၃) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၂

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၃) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာ သိင်္ဃခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား (၅၀)၊ သင်တန်းသူ ၄၄၈ ဦး၊ စုစုပေါင်း ၄၉၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၂၆ ခုနှစ် မေလ ၁၁ ရက်မှ ဇွန်လ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိသင်တန်းသား၊ သင်တန်းသူအဆောင်များနှင့် စားရိပ်သာများကိုလည်းကောင်း၊ AI သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ၏ အဖွဲ့လိုက်ဆွေးနွေးမှုများကိုလည်းကောင်း ကြည့်ရှုပြီး ရတနာသိင်္ဃခန်းမ၌ အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ် (၁၅)၊ အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၂၆)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၁၈)တို့မှ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နေရာကွက်မိုးကြီးမှုနှင့် ထူးကဲဒီရေတက်ချိန် ရေကြီးရေလျှံမှု အထူးသတိပြု

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန် အများပြည်သူအား ရုပ်သံလိုင်းများနှင့်နိုင်ငံပိုင်သတင်းစာများက စဉ်ဆက်မပြတ် အသိပေးနှိုးဆော်ပေးလျက်ရှိသည်။ ယခု မိုးရာသီ စတင်ချိန်တွင် မုတ်သုံလေအားကောင်းမှုကြောင့် မိုးမပြတ်ရွာသွန်းလျက်ရှိပြီး မိုးရွာသွန်းမှုများချိန် ထူးကဲဒီရေတက်ချိန်နှင့်တိုက်ဆိုင်ခဲ့ပါက မြစ်၊ ချောင်းအနီးရှိ မြို့/ရွာများ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်ရာ သဘာဝဘေးအန္တရာယ်အား ကြိုတင်ကာကွယ်သတိပြုနိုင်ရန် ရန်ကုန်မြို့ ကမ္ဘာအေးရှိ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် တွေ့ဆုံမေးမြန်းခဲ့မှုတို့ကို ဖော်ပြလိုက်ပါသည် -

**ဒေါက်တာမေခင်ချော(မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး)**



မိုးရာသီစတင်ဝင်ရောက်ချိန်မှာအနောက်တောင်မုတ်သုံလေဟာ ဇွန်လ ၄ ရက်ကစပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို လွှမ်းခြုံသွားပြီလို့ဆိုရမှာပါ။ မိုးဦးကာလဖြစ်တဲ့အတွက် မုတ်သုံလေအားကောင်းတတ်ပါတယ်။ အခုလက်ရှိ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ မုတ်သုံလေအားကောင်းမှုကြောင့် အားကောင်းကောင်းနဲ့ မိုးရွာသွန်းနေတာကို တွေ့ရှိရပါတယ်။ ဇွန်လ ၁၁ ရက်က ဆိုရင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့မှာ မိုးရေချိန် ၃၉ မီလီမီတာ၊ သန်လျင်မှာဆိုရင် ၃၅ မီလီမီတာ၊ ကမ္ဘာအေးမှာ ၅ မီလီမီတာ၊ မှော်ဘီမှာ ၃၄ မီလီမီတာ စသဖြင့်ပျံ့နှံ့စွာ ရွာသွန်းခဲ့တာကို တွေ့ရပါတယ်။ ဘင်္ဂလားပင်လယ်အော်ကို ကြည့်မယ်ဆိုရင် မုတ်သုံလေအားအလွန်ကောင်းနေတာကို တွေ့ရပါတယ်။ မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ မုတ်သုံလေအားကောင်းတဲ့အတွက် မိုးသက်လေပြင်းကျရောက်ပြီး ရံဖန်ရံခါ ၉ ပေကနေ ၁၁ ပေခန့်အထိ လှိုင်းကြီးနိုင်တယ်လို့ ထုတ်ပြန်ထားပါတယ်။

အခုလာမယ့် ဇွန်လ ၁၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးမှာ မိုးများနေမယ်လို့ ခန့်မှန်းတွက်ချက်လို့ရပါတယ်။ တစ်ရက်ကို မိုးရေချိန် ၃ လက်မကနေ ၄ လက်မနီးပါး ရန်ကုန်မြို့မှာ ရွာသွန်းနိုင်ခြေရှိပါတယ်။ ဇွန်လ ၁၂ ရက်မှာ မိုးရေချိန် ၃ လက်မခန့် ရွာသွန်းပြီး ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်တွေမှာ ၄ လက်မနီးပါးအထိ ရွာသွန်းနိုင်ပြီး နေရာကွက်ပြီးမိုးကြီးနိုင်ပါတယ်။ မြစ်ဝကျွန်းပေါ်နဲ့ ရန်ကုန်ဧရိယာတစ်ဝိုက် ကမ်းခြေတွေမှာ ဇွန်လ ၁၄ ရက်အထိ ၉ ပေကျော် ၁၀ ပေနီးပါးအထိ လှိုင်းကြီးနိုင်ပါတယ်။ မိုးတိမ်တောင်ကြောင့် မိုးသက်လေပြင်းကျပြီး မိုးကြိုးပစ်တဲ့ အန္တရာယ်တွေလည်းကြုံတွေ့ရနိုင်ပါတယ်။

ပင်လယ်ပြင်ကနေ ဒီရေတက်တဲ့အချိန်လပြည့်/လကွယ်ပြီးလို့ ၁ ရက်၊ ၂ ရက်ဆိုရင် ဒီရေဟာ အမြင့်ဆုံးတက်တတ်ပါတယ်။ ဒီလိုအခြေအနေမှာ မိုးရွာသွန်းမှုများခဲ့ရင် သတိပြုဖို့လိုပါတယ်။ အခုလာမယ့် နယုန်လကွယ်နေ့ ဇွန်လ ၁၄ ရက်ပြီးလို့ ၁၅ ရက်ကနေ ၁၇ ရက်ဆိုရင် ဒီရေအမြင့်ဆုံး အခြေအနေကို ရောက်လာမှာပါ။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကလည်း ဒီရေတက်နိုင်ဖွယ်ရှိတယ်လို့ ထုတ်ပြန်ကြေညာထားတာရှိပါတယ်။ ဒီလိုအခြေအနေမှာ မိုးကလည်း သည်းထန်စွာရွာသွန်းမယ်ဆိုရင် မြစ်၊ ချောင်းတွေကနေ ပင်လယ်ထဲကို တိုက်ရိုက်စီးဆင်းရမယ့်ရေဟာ ဒီရေခံနေတဲ့အတွက် ကမ်းနားတစ်လျှောက်နဲ့ မြေနိမ့်ပိုင်းတွေ ရေလွှမ်းတဲ့ဘေးအန္တရာယ်ရှိနိုင်ပါတယ်။ မုတ်သုံလေကြောင့် ကမ်းနားဒေသတွေမှာ လှိုင်းကြီးနိုင်တဲ့အတွက် မိုးလေဝသနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကထုတ်ပြန်တဲ့ ဒီရေအခြေအနေကိုလည်း သတိပြုနားထောင်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတွေကို လုပ်ဆောင်သင့်ပါတယ်။

ရန်ကုန်မြို့တွင်းမှာရှိတဲ့ မြစ်၊ ချောင်းနဲ့ မြောင်းတွေပိတ်ဆို့မှုမရှိအောင်ပြည်သူတွေအနေနဲ့ အမှိုက်ကိုစနစ်တကျ စွန့်ပစ်ကြဖို့လိုပါတယ်။ အထူးသဖြင့် ပြည်သူလူထုအနေနဲ့ သတ်မှတ်ထားတဲ့စည်းကမ်းကို လိုက်နာဖို့လိုပါတယ်။ ဒါမှသာ ရေကြီးရေလျှံတဲ့ဖြစ်စဉ်ကို လျှော့ပါးသက်သာစေမှာပါ။ အထူးသဖြင့် မြစ်၊ ချောင်းတွေ ရေစီးရေလာကောင်းအောင်စီမံဆောင်ရွက်ထားမယ်ဆိုရင် ရေလွှမ်းမိုးမှုလျော့နည်းစေမှာဖြစ်ပါတယ်။

အယ်လ်နီညိုဟာ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းမှာဖြစ်ပေါ်တဲ့ အခြေအနေတစ်ခုပါ။ ပစိဖိတ်သမုဒ္ဒရာရဲ့အလယ်ပိုင်း ရေပြင်နီနို ၃ ဒသမ ၄ ဧရိယာက အပူချိန်ကို တိုင်းတာပြီး အယ်လ်နီညိုအခြေအနေကို စောင့်ကြည့်ရတာဖြစ်ပါတယ်။ မနေ့ကပဲ အယ်လ်နီညိုဖြစ်စဉ်ကို ဒုတိယအကြိမ် ထုတ်ပြန်ထားပါတယ်။ လက်ရှိမှာ အယ်လ်နီညိုက အားအနည်းငယ်ပဲရှိနေပါတယ်။ နှစ်ကုန်ပိုင်းမှာ အားကောင်းတဲ့အခြေအနေကို ရောက်ရှိလာနိုင်ပါတယ်။ အယ်လ်နီညိုဆိုတာ ပစိဖိတ်သမုဒ္ဒရာ တောင်အမေရိကတိုက်ရဲ့ ကမ်းခြေတွေမှာ ဖြစ်ပေါ်တာပါ။ ပင်လယ်ရေမျက်နှာပြင်မှာ မူလစီးနေတဲ့ ရေအေးစီးကြောင်းနေရာမှာ ရေနွေးစီးကြောင်းတွေစီးဆင်းပြီး ပင်လယ်မျက်နှာပြင်ဟာ ပူနွေးတဲ့အတွက် လေထုထဲက ဆဲလ်တွေပြောင်းလဲလာပြီး ပုံမှန်မိုးရွာရမယ့်နေရာတွေမှာ မိုးမရွာဘဲ မိုးခေါင်မှုတွေဖြစ်ပေါ်တာ၊ မိုးများတဲ့နေရာတွေဖြစ်ပေါ်တာ၊ ပူပြင်းခြောက်သွေ့မှုတွေဖြစ်ပေါ်တာ စသဖြင့်ဖြစ်ပေါ်တာကို အယ်လ်နီညိုဖြစ်ပေါ်တာလို့ ဆိုလိုပါတယ်။ အယ်လ်နီညိုဖြစ်စဉ်ဟာ စတင်ဖြစ်ပေါ်နေပေမယ့် မြန်မာပြည်ကို ချက်ချင်းမရောက်လာပါဘူး။ နှစ်ကုန်ပိုင်းမှာ ရောက်လာနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဆောင်းကာလ အအေးပေါ့တာ၊ နွေကာလမှာ ပိုပြီးပူပြင်းတာတို့ ကြုံတွေ့ရနိုင်ပါတယ်။ အယ်လ်နီညိုကျရောက်ပြီဆိုရင် မိုးရွာသွန်းမှု လျော့နည်းတာ၊ မိုးမမှန်တာ၊ အပူများတာ၊ မိုးခေါင်တာ၊ စိုက်ပျိုးရေနဲ့ သောက်သုံးရေ ရှားပါးတာတွေကြုံတွေ့ရနိုင်ပါတယ်။ လက်ရှိမှာတော့ မြန်မာပြည်ကို အယ်လ်နီညိုသက်ရောက်မှုမရှိသေးပါဘူး။

ဒီကာလမှာ ထူးကဲဒီရေကို ကြေညာထားတဲ့အတွက် ပြည်သူများအနေနဲ့ သွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ နေရေးထိုင်ရေးကို သတိပြုဖို့လိုပါတယ်။ ချောင်းတွေ၊ မြောင်းတွေမှာလည်း ရေပြည့်ရေလျှံမှုမဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်ထားပြီး မိုးလေဝသသတင်းကို ဂရုစိုက်နားထောင်ရင်းနဲ့ လိုအပ်တဲ့အစီအမံတွေ ဆောင်ရွက်ထားကြဖို့ပြောကြားလိုပါတယ်။

**အင်တာဗျူး - သစ္စာ(mna)**

**ဓာတ်ပုံ - ဖွဲ့မာန်**

# (၁၂-၆-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ - ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၆၆၆,၇၄၃.၈၂ | ၅,၀၉၈,၆၀၀.၀၀ | ၃,၂၀၉,၇၇၃.၈၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ ဂျုံ၊ ကတ္တရာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၆၂ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၈,၆၁၇.၀၀ ကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂,၆၂၄.၁၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၆-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၈၀ | ၄၀၅၅ | ၄၀၀၀ | ၃၈၉၅ | ၄၀၅၅ | ၄၀၇၀ | ၄၁၁၀ | ၃၉၇၅ | ၄၁၁၀ | ၄၄၁၀ | ၃၉၉၅ | ၄၁၂၅ | ၄၀၉၀ | ၄၀၄၅ | ၄၀၅၅ | ၄၂၇၅ |
| 95 Ron | ၃၉၁၅ | ၄၀၉၀ | ၄၀၃၅ | ၃၉၃၅ | ၄၀၉၀ | ၄၁၀၅ | ၄၁၄၅ | ၄၀၁၀ | ၄၁၄၅ | ၄၄၄၅ | ၄၀၃၀ | ၄၂၁၀ | ၄၁၃၀ | ၄၀၈၅ | ၄၀၉၀ | ၄၃၁၀ |
| HSD (500 ppm) | ၃၉၉၅ | ၄၁၆၀ | ၄၁၀၅ | ၄၀၁၀ | ၄၁၆၀ | ၄၁၇၅ | ၄၂၁၅ | ၄၀၈၀ | - | ၄၅၀၀ | ၄၁၀၀ | ၄၄၉၀ | ၄၁၉၅ | ၄၁၅၀ | ၄၁၆၀ | ၄၃၇၀ |
| HSD (50 ppm) | ၄၈၀၀ | ၄၉၇၀ | ၄၉၁၅ | ၄၈၁၅ | ၄၉၇၅ | ၄၉၈၅ | ၅၀၃၀ | ၄၈၉၀ | ၅၀၃၀ | ၅၃၂၅ | ၄၉၁၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၆၅ | ၄၉၇၀ | ၅၁၉၀ |
| HSD (10 ppm) | ၄၈၀၀ | ၄၉၇၀ | ၄၉၁၅ | ၄၈၁၅ | ၄၉၇၅ | ၄၉၈၅ | ၅၀၃၀ | ၄၈၉၀ | | ၅၃၂၅ | ၄၉၁၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၆၅ | ၄၉၇၀ | ၅၁၉၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၇၀ | ၃၇၇၈ |
| 95 Ron | ၃၇၀၅ | ၃၈၁၃ |
| HSD (500 ppm) | ၃၇၉၂ | ၃၈၉၈ |
| HSD (50 ppm) | ၄၅၆၀ | ၄၆၈၁ |
| HSD (10 ppm) | ၄၅၆၀ | ၄၆၈၁ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းတွင် တက်ရောက်လျက်ရှိသည့် နိုင်ငံ့သားကောင်းများအား သွားရောက်တွေ့ဆုံအားပေး



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်းသင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန်ကတ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သင်တန်းမှ နိုင်ငံ့သားကောင်းသင်တန်းသားများအား ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသားအိပ်ဆောင်များ၊ သောက်သုံးရေကန်များ၊ သင်တန်းသား စားရိပ်သာ၊ စားချက်ဆောင်များ၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာ သုံးဆောင်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသားလေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသားလေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၄၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦး ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၅၀၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးစစ်ဆေးဆောင်ရွက်စဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် ၃ ထပ်လူနေအဆောက်အအုံ ၂ လုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၅၈ လုံးဖြိုချဖျက်ဆီးပြီးဖြစ်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု







နေပြည်တော် ဇွန် ၁၂

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၃ ထပ်လူနေအဆောက်အအုံ ၂ လုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့်အဆောက်အအုံ ၅၇ လုံးအနက် ၃ ထပ်လူနေအဆောက်အအုံ ၂ လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်းအဆောက်အအုံ ၅၈ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၉ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၁၂

၂၃၀ ကေဗွီ နမ့်စန်-မိုင်းပျဉ်း နှစ်ထပ်ဓာတ်အားလိုင်းသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ခရိုင်၊ မြို့ဧရိယာများသို့ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက်အရေးပါသည့် ဓာတ်အားလိုင်းဖြစ်ပြီး ယင်းဓာတ်အားလိုင်းကို တာဝန်ယူထိန်းသိမ်းသည့် မဟာဓာတ်အားလိုင်းမှူးရုံး (ကျိုင်းတုံ)မှ ဓာတ်အားလိုင်းအသေးစိတ်စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ မိုင်းပျဉ်းမြို့နယ် တာကော် ၇ မိုင်ကျေးရွာအနီးရှိတာဝါတိုင်အမှတ်(၃၃၀)တွင် မိုးကြိုးလျှပ်စီးကြောင့်ကြွေသီးတွဲမီးပန်းထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ကြွေသီးတွဲ အသစ်အစားထိုးလဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်သွားရမည်ဖြစ်သည်။




အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ဓာတ်အားစနစ်တည်ငြိမ်မှုကိုမြှင့်တင်နိုင်ပြီး မလိုလားအပ်သည့်ဓာတ်အားပြတ်တောက်မှုများကိုကာကွယ်နိုင်မည်ဖြစ်သဖြင့် ဇွန်လ ၁၄ ရက် နံနက် ၈ နာရီမှ နံနက် ၁၁ နာရီအထိ ၃ နာရီကြာ ယာယီဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း မိုင်းပျဉ်းမြို့၊ ကျိုင်းတုံမြို့၊ လွယ်မွေမြို့၊ မိုင်းခုတ်မြို့၊ မိုင်းဆတ်မြို့နှင့် မိုင်းခတ်မြို့များ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ကျိုင်းတုံမြို့ရှိ ဌာနဆိုင်ရာရုံးများ၊ ဆေးရုံများကို အသေးစားရေအားလျှပ်စစ်စက်ရုံများ၏ဓာတ်အားထုတ်လုပ်မှုဖြင့် ဝန်အားထိန်းညှိဖြန့်ဖြူးပေးထားမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်တောက်မည့်အခြေအနေများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် အများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ၁၃၂ ကေဗွီ တောင်ကြီးပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ထားသော ၆၆ ကေဗွီ တောင်ကြီး-အောင်သပြေဓာတ်အားလိုင်းတစ်လျှောက် သစ်ပင်သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အောင်သပြေဓာတ်အားခွဲရုံတွင် လိုအပ်သော ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဇွန်လ ၁၄ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေချိန်အတွင်း နောင်ကား၊ နောင်ခဲ၊ ကျောက်တလုံးကြီး၊ ဆီဆိုင်၊ ဆိုက်ခေါင်၊ ဘန်းယဉ်၊ စက်မှုဇုန်(၁၊ ၂)၊ ရှမ်းရိုးမဘိလပ်မြေစက်ရုံ၊ ဟိုတယ်ဇုန်ခွဲရုံ၊ စံကားခွဲရုံ၊ တောင်ကြီးအမှတ်(၁)ခွဲရုံတို့မှ ဓာတ်အားပေးထားသော စဝ်စံထွန်းဆေးရုံကြီးနှင့် အရေးကြီးနေရာများ၊ မြို့ပေါ် (၉) ရပ်ကွက်နှင့်ကျေးရွာ ၄၀၅ ရွာတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပိတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ အများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ၂၃၀/၆၆/၁၁ ကေဗွီ ဘားအံပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၆၆ ကေဗွီစက်မှုဇုန်-လှိုင်းဘွဲ့ ဓာတ်အားလိုင်းကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် ဓာတ်အားကြံ့ခိုင်ကောင်းမွန်စေရေးအတွက်ဇွန်လ ၁၄ ရက်နံနက်၈ နာရီမှညနေ ၅ နာရီအထိ ဓာတ်အားပိတ်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နေစဉ် ၆၆/၃၃/၁၁ ကေဗွီ လှိုင်းဘွဲ့(ချမ်းသာ)ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် လှိုင်းဘွဲ့၊ ပိုင်ကျုံ၊ မြိုင်ကြီးငူ၊ ကမမောင်းမြို့တို့ရှိ မြို့ပေါ်ရပ်ကွက်အားလုံးနှင့် ကျေးရွာ ၈၃ ရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူအများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၁၃၂ ကေဗွီ ကျိုင်းတောင်း-နမ့်စန်ဓာတ်အားလိုင်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ခရိုင်၊ မြို့ဧရိယာများတွင် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက်အရေးပါသည့်ဓာတ်အားလိုင်းဖြစ်ပြီး ၁၃၂ ကေဗွီ ကျိုင်းတောင်း-နမ့်စန်ဓာတ်အားလိုင်းအား အသေးစိတ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတောင်းမြို့နယ်၊ ၁၉ မိုင်ကျေးရွာအနီးတာဝါတိုင်အမှတ်(၁၅၇ နှင့် ၁၅၈)အကြား A Phase ဓာတ်အားလိုင်းကြိုး ကြိုးလွန်းဖွာနေခြင်း၊ တာဝါတိုင်အမှတ်(၁၁၉ နှင့် ၁၂၀) အကြား A Phase ဓာတ်အားလိုင်းကြိုးကြိုးလွန်းပြတ်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဇွန်လ ၁၄ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် ကျိုင်းတောင်းဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်မှု ၃၄ မဂ္ဂါဝပ်ခန့်လျော့နည်းနေမည်ဖြစ်၍ ကျန်ဓာတ်အားပေးစက်ရုံများမှ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံရှိ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေ Main ထရန်စဖော်မာနှင့် ဆက်စပ် Switchbay ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဇွန်လ ၁၃ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ယာယီဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါထရန်စဖော်မာမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ သာဝတ္တိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ ရပ်ကွက်နှင့်ကျေးရွာအချို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့်ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

# လယ်ဝေးမြို့နယ်တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုး၊မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၁၆၂ သိန်းတန်ဖိုးနှင့် ညောင်တုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၂

လယ်ဝေးမြို့နယ်တွင်ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုး၊မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၁၆၂ သိန်းတန်ဖိုးနှင့် ညောင်တုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၇ ရက် ညနေ ၅ နာရီတွင် သတင်းအရ လယ်ဝေးမြို့နယ်ကြာကန်ကျေးရွာအနီးတွင် တောင်ငူမြို့ (၁၀)ရပ်ကွက်နေ မြင့်သူ(၅၅)နှစ် မောင်းနှင်လာသော MITSUBISHI OUTLANDER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀၀) ဖမ်းဆီးရမိသဖြင့် မြင့်သူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ ဇွန်လ ၉ ရက် နံနက် ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုးညှင်းမြို့နယ်နန့်စီးအောင်ရွာအနီး၌ မိုးကောင်းမြို့နယ်၊ ပဲခူးစုရွာနေ သန်းနိုင်ဦး(၃၂)နှစ် မောင်းနှင်ပြီး အင်းတော်မြို့နယ်ပေကုန်းရွာနေ အောင်မြင့်ထွန်း(ခ)ထွေးပို (၄၈)နှစ်လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆၂ သိန်း) ဖမ်းဆီးရမိသဖြင့် သန်းနိုင်ဦးနှင့်အောင်မြင့်ထွန်း(ခ)ထွေးပိုတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။



တရားခံမြင့်သူအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ဇွန်လ ၁၁ ရက် နံနက် ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ညောင်တုန်းမြို့နယ် အရွဲကျေးရွာအနီးတွင် ရန်ကုန်မှ ဖျာပုံသို့ မောင်းနှင်လာသော ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည် လှိုင်သာယာမြို့၊ (၉)ရပ်ကွက်နေ ထက်မြတ်ကျော်(၂၂)နှစ်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀) ဖမ်းဆီးရမိသဖြင့် ထက်မြတ်ကျော်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ခါးနာရောဂါသက်သာစေနိုင်သည့် ဆေးမြီးတို (ဆေးနည်းတို) များ

လူတိုင်းအဖြစ်များသော ရောဂါအမျိုးမျိုးတွင် ခါးနာရောဂါလည်း ပါဝင်သည်။ ခါးနာရောဂါသည် အသက်အရွယ်အမျိုးမျိုးတွင် ဖြစ်ပွားနိုင်သည်။ အချိန်ပြည့်ထိုင်၍အလုပ်လုပ်ရသူ၊ ကွန်ပျူတာဖြင့် အလုပ်လုပ်ရသူ၊ ကျောပိုးအိတ်လွယ်၍ နေ့စဉ်ကျောင်းတက်ရသည့် ကျောင်းသား၊ ကျောင်းသူများအထိ အရွယ်မျိုးစုံတွင် ဖြစ်ပွားနိုင်သည်။

ရုတ်တရက် သေတ္တာမလိုက်ရာမှ၊ ဆန်အိတ်မလိုက်ရာမှ၊ ရေပုံးဆွဲရာမှ ခါးနာမှုဖြစ်ပွားနိုင်သည်။ ပစ္စည်းအလေးအပင်မလျှင် ဆောင့်ကြောင့်ထိုင်ပြီးမှ မယူရမည့်အစား ခါးကုန်းပြီး အားစိုက်မယူလိုက်သောအခါ ခါးရိုးဆစ်ဟသွားပြီး ခါးအရွတ်နာသွားခြင်းမှစ၍ ခါးနာရောဂါဖြစ်ပွားနိုင်သည်။ အခန့်မသင့်လျှင် ခါးဆစ်နှစ်ခုကြားတွင် အကြောညပ်ပြီး လုံးဝပြန်မထနိုင်တော့သည်အထိဖြစ်နိုင်သည်။

လှေကားအဆင်း၊ အတက်များသူတွင်လည်း ခါးနာရောဂါဖြစ်ပွားနိုင်သည်။ တချို့လှေကားထစ်များသည် စိပ်လွန်းခြင်း၊ မတ်စောက်ခြင်း၊ အကျော်အနင်းမမှန်ခြင်း၊ မြင့်လွန်းခြင်း၊ အလိမ်အကွေ့များခြင်းတို့ကြောင့် ခါးနာရောဂါဖြစ်ပွားနိုင်သည်။ လှေကားဆင်း၊ တက်ခြင်းသည် နှလုံးကျန်းမာရေးအတွက် ကောင်းသည်ဟုဆိုသော်လည်း ခါးနာရောဂါရှိသူများအတွက် မသင့်လျော်ပေ။ ထို့ကြောင့် ခေတ်မီအထပ်မြင့် အဆောက်အအုံများတွင် အဆင်း၊ အတက် ဓာတ်လှေကားများကို သုံးစွဲလာခြင်းဖြစ်သည်။

ခါးနာလျှင် ပူသောပရုတ်ဆီလိမ်းကြသည်။ တချို့မှာ အရပ်အနှိပ်သည်နှင့်အနှိပ်ခံကြသည်။ လက်နှိပ်အားပြင်းပြီး ခါးဆစ်မှ အရွတ်နှင့်အကြောရောင်သွားသောကြောင့် ပိုဆိုးသွားသူများကိုလည်း တွေ့ဖူးသည်။ တချို့မှာ အနင်းခံကြသည်။ အနင်းခံရာမှ ခါးရိုးဆစ်ကျွံသွားပြီး ခွဲစိတ်ကုသရသည့်အဆင့်အထိ ရောက်သွားသူများလည်းရှိသဖြင့် အထူးသတိထားဆင်ခြင်ကြရန် သတိပေးလိုသည်။

ရှေးလူကြီးများ သုံးစွဲလေ့ရှိသည့် အနှိပ်သည်ဖုဟုခေါ်သော သစ်သားကို အဖုနှစ်ဖုအဖြစ် ထွင်းထုထားသော ခါးအောက်မှခံအိပ်သည့်ပစ္စည်းကို ဘုရားစောင်းတန်းများတွင် ရောင်းချနေသည်ကို ယနေ့ထက်တိုင်တွေ့နေရဆဲဖြစ်သည်။ အနှိပ်သည်ဖုကို ခါးအောက်မှ ခံအိပ်ပြီး အိပ်ပျော်သွားသောကြောင့် ခါးဆစ်ရောင်ပြီး နံနက်တွင်မထနိုင်တော့သူကို တွေ့ဖူးသဖြင့် အထူးသတိထားသုံးစွဲရမည့်ပစ္စည်းဖြစ်သည်။

ခါးနာရောဂါဖြစ်ပွားချိန်ကြာပြီး လမ်းမလျှောက်နိုင်ဘဲ ခြေတစ်ဖက်သိမ်သွားသော အသက် ၆၀ ကျော်အမျိုးသားတစ်ဦးကို ကုသပေးဖူးသည်။ ၎င်းသည် ထန်းပင်ပေါ်မှလိမ့်ကျခြင်းဖြစ်သည်။ ဖြစ်စက သိပ်မနာ၊ နောက်မှ တဖြည်းဖြည်းနာလာပြီး ခြေတစ်ဖက်ပါသိမ်လာခြင်းဖြစ်သည်။ သူ့ခါးဆစ်မှာ ခုံးနေပြီး ကျီးပေါင်းတက်နေသည်ကို တွေ့ရသည်။

ကျီးပေါင်းသည် သစ်ပင်အခေါက်ခွာလျှင် အပွေးတက်သကဲ့သို့ တဖြည်းဖြည်းတက်လာပြီးမှ အာရုံကြောကို ပိတ်မိကာ အောက်ပိုင်းသေသလိုဖြစ်သွားခြင်းဖြစ်သည်။ ဖြစ်စက သေချာကုသလျှင် ခါးကျီးပေါင်းမတက်နိုင်ပါ။ ကျီးပေါင်းရောဂါဖြစ်လျှင် အကြောနားလည်သော ပညာရှင်များဖြင့် သေချာကုသသင့်သည်။ အနင်းအနှိပ်ခံခြင်းကြောင့် ခါးရိုးဆစ်ကျီးပေါင်းနှင့် အကြောညပ်ပြီး အောက်ပိုင်းသေသည်အထိဖြစ်သွားရသူများလည်းရှိသည်။ ခါးရိုးဆစ်များကြားမှထွက်သော အာရုံကြောများသည် အလွန်သေးငယ်သော်လည်း လမ်းသွားခြင်းနှင့် အထိုင်အထပြုလုပ်ရာတွင် ထိုအာရုံကြောက ကြွက်သားများကို စေခိုင်းခြင်းဖြစ်သည်။ အာရုံကြောအလုပ်မလုပ်သောအခါ ကြွက်သားများပါ သိမ်သွားသည်။ ထိုအခါ ခန္ဓာကိုယ်အောက်ပိုင်းပိန်လှီပြီး မသန်စွမ်းဘဝရောက်နိုင်သဖြင့် ခါးကျီးပေါင်းရောဂါဖြစ်ပွားပါက ပေါ့ပေါ့ဆဆမနေသင့်ပေ။

ရောဂါတစ်ခုဖြစ်စအချိန်တွင် အရပ်သုံး ဆေးမြီးတို(ဆေးနည်းတို) များဖြင့် ကုသလေ့ရှိသည်။ ဆေးမြီးတိုနှင့်ကုသ၍မပျောက်ကင်းမှသာ သက်ဆိုင်ရာဆရာနှင့် ကုသကြသည်။ ယခုအခါ အကြောအဆစ်ကုဆရာဝန်ကြီးများနှင့် ခါးရိုးဆစ်ကို အတိအကျပုံဖော်ပေးနိုင်သည့် ဓာတ်မှန်နည်းပညာများ ထွန်းကားလာပြီဖြစ်သည်။ ကျီးပေါင်းတက်သော အဆင့်၊ အာရုံကြောညပ်သောအဆင့်များတွင် Traction (ခေါ်) စက်သီးဖြင့် ခါးဆွဲကုသည့်နည်းကို အသုံးပြုသည်။

> **"မြန်မာ့တိုင်းရင်းဆေးပညာတွင် ခါးနာရောဂါအတွက် ပျောက်ကင်းစေနိုင်သော ဆေးမြီးတို(ဆေးနည်းတို)သုံးစွဲ၍ ပျောက်ကင်းမှုမှတ်တမ်းများရှိသည်။ ထိုနည်းများသည် ဆရာမကူဘဲ မိမိအိမ်တွင် ကိုယ်တိုင်ကုသနိုင်သောနည်းများဖြစ်သည်။ အနီးပတ်ဝန်းကျင်ရှိ သဘာဝအလျောက် ပေါက်ရောက်သောအပင်များကို ဆေးဖက်ဝင်အပင်အဖြစ် သုံးစွဲထားသည်ကိုတွေ့ရသဖြင့် အလွန်လွယ်ကူသည်။ ဆေးနည်းတိုဟူ၍ အထင်မသေးသင့်။ ပထမအဆင့်တွင် အချိန်မီကုသပါက ပျောက်ကင်းနိုင်သော ဆေးမြီးတိုများစွာရှိသည်ကို ရှေးဆေးမြီးတိုကျမ်း မှတ်တမ်းများအရ သိရှိရသည် . . ."**

အဆစ်နှစ်ခုကြားညပ်နေသည့်အကြောကို ခါးဆွဲခြင်းဖြင့် ပြန်လွတ်ထွက်လာအောင် ကုသသောနည်းဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာတွင် ခါးနာရောဂါအတွက် ပျောက်ကင်းစေနိုင်သော ဆေးမြီးတို(ဆေးနည်းတို)သုံးစွဲ၍ ပျောက်ကင်းမှုမှတ်တမ်းများရှိသည်။ ထိုနည်းများသည် ဆရာမကူဘဲ မိမိအိမ်တွင် ကိုယ်တိုင်ကုသနိုင်သော နည်းများဖြစ်သည်။ အနီးပတ်ဝန်းကျင်ရှိ သဘာဝအလျောက် ပေါက်ရောက်သောအပင်များကို ဆေးဖက်ဝင်အပင်အဖြစ် သုံးစွဲထားသည်ကိုတွေ့ရသဖြင့် အလွန်လွယ်ကူသည်။ ဆေးနည်းတိုဟူ၍ အထင်မသေးသင့်။ ပထမအဆင့်တွင် အချိန်မီကုသပါက ပျောက်ကင်းနိုင်သော ဆေးမြီးတိုများစွာရှိသည်ကို ရှေးဆေးမြီးတိုကျမ်း မှတ်တမ်းများအရ သိရှိရသည်။

**ခါးနာရောဂါပျောက် ဆေးမြီးတို(ဆေးနည်းတို)များ**

- သက်ရင်းကြီးရွက်ခုနစ်ရွက်ကို ဖြန့်ပြီး ခါးနာသူ၏အိပ်ရာပေါ်တွင်ခင်းပါ။ အပေါ်မှ အဝတ်ပါးတစ်ထည်ကို ထပ်၍ ခင်းပြီးအိပ်ပါ။ နံနက်အိပ်ရာထလျှင် ခါးနာသက်သာသည်ကို တွေ့ရသည်။
- ရေစိုအဝတ်ကို ရေကုန်အောင်ညှစ်ပြီး ခါးနာသူ၏ခါးတွင် ပတ်ထားပါ။ အိပ်ပြီး ခြေဖဝါးတွင် ဆားပွတ်ပေးပါ။ ရေဖတ်ဖြင့် တစ်လှည့်ပွတ်ပါ။ ခါးမှ အဝတ်ခြောက်သွားပြီး ခါးနာသက်သာသွားပါလိမ့်မည်။
- ကိုယ်ရံကြီးရွက်ကို မီးကင်ပါ။ ပျော့ပျောင်းပြီး အေးသွားသောအခါ ခါးတွင်ပတ်ပြီး အဝတ်ဖြင့်စည်းထားပါ။ နှစ်နာရီခန့် စည်းထားလျှင် ခါးနာသက်သာစေနိုင်သည်။ ခါးမှ အပူများထွက်ပြီး ယားလာလျှင် သနပ်ခါးနှင့် ဆားကို ရောသွေးပြီးလိမ်းပါက သက်သာစေနိုင်သည်။ သဘော်ာရွက်တစ်ရွက်ကို ပျော့သွားအောင် ရေနွေးဖြင့်စိမ်ပါ။ ခါးတွင်ကပ်၍ အဝတ် သို့မဟုတ် ပတ်တီးဖြင့်ပတ်ထားပါ။ ပထမ အေးသည်။ နောက်ပိုင်း ပူလာပါလိမ့်မည်။ ခါးနာသက်သာစေနိုင်သည်။
- မုန်ညင်းဆီစစ်စစ် ငါးကျပ်သားတွင် ချင်းတက်ကို ပါးပါးလှီးပြီး ခုနစ်လွှာထည့်ပါ။ မီးဖြင့် ဆူအောင် အပူပေးပြီး အအေးခံထားပါ။ ထိုချက်ထားသော မုန်ညင်းဆီကို ခါးတွင်လိမ်းပါ။ ခါးအလွန်နာလျှင် မီးအပူပေးပြီး ခပ်နွေးနွေးလိမ်းပြီးနောက် အဝတ်ဖြင့် ခါးကိုပတ်ထားပါ။ တစ်ရက်လျှင် နှစ်ကြိမ်၊ သုံးကြိမ် လိမ်းပေးပါက သက်သာနိုင်သည်။
- နှမ်းဆီကို အပူပေးပြီး ဆူလာပါက မိဿလင်ဥကို ထုထောင်းပြီးထည့်ပါ။ ထိုဆီချက်ခပ်နွေးနွေးကို ခါးတွင်လိမ်းပေးပြီး အဝတ်ပတ်ထားပါက ခါးနာသက်သာနိုင်သည်။
- အာလူးအစိမ်းကို ဘေးတိုက်ခပ်ပါးပါးလှီးပြီး ခါးရိုးဆစ်တစ်လျှောက် ခုနစ်ခုခန့်ကပ်ပါ။ ကွာမကျအောင် အဝတ် သို့မဟုတ် ပတ်တီးဖြင့် ခါးတွင်ပတ်ပြီးအိပ်လျှင် ခါးနာသက်သာနိုင်သည်။
- မိဿလင်ဥကို အခြောက်လှန်း၊ အမှုန့်ကြိတ်ပြီး အဝတ်ပါးဖြင့်ထုပ်ကာ ကြပ်ထုပ်ပြုလုပ်ပြီး ရေနွေးငွေ့ဖြင့် ပေါင်းခံကာ ခါးတွင် ကြပ်ထုပ်ထိုးပေးလျှင် လျင်မြန်စွာသက်သာနိုင်သည်။
- သက်ရင်းကြီးရွက်၊ မိဿလင်ဥ၊ ချင်းစိမ်း သုံးမျိုးကို ညက်အောင်ထုထောင်းပြီး ခါးတွင်အုံစည်းပေးလျှင် ဒဏ်ကြောင့်ဖြစ်သော ခါးနာခြင်းကို သက်သာနိုင်သည်။
- ဝံအူမြစ်၊ တောရှောက်မြစ်၊ ထင်းရှူးဆီ၊ နလင်ကျော်မြစ်တို့ကို သွေး၍လိမ်းပေးခြင်းဖြင့် ခါးကျီးပေါင်းတက်ခြင်းကို သက်သာနိုင်သည်။

**ကြည်လွင်မြင့်(မုဒြာ)**

# ကြံခင်းမြို့၌ ကျောင်းစာကြည့်တိုက်စီမံခန့်ခွဲမှု(မြို့နယ်အဆင့်)ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

ကြံခင်း ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်အဆင့် ကျောင်းစာကြည့်တိုက်စီမံခန့်ခွဲမှုဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇွန်လ ၁၂ ရက်တွင် ကြံခင်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းကျော်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများရှိ ကျောင်းစာကြည့်တိုက်များ၌ စီမံခန့်ခွဲမှု တတ်မြောက်စေရန် ပညာရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် သင်တန်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ မြို့နယ်အဆင့်ဖွင့်လှစ်ခြင်းဖြစ်သည့်အတွက် ကျောင်းအုပ်ကြီးများ၊ သက်ဆိုင်ရာကျောင်းများမှ ကျောင်းစာကြည့်တိုက်တို့တွင် တာဝန်ယူဆောင်ရွက်နေကြသော ဆရာ၊ ဆရာမများအနေဖြင့် သင်တန်းမှပို့ချသော ဘာသာရပ်များကို စနစ်တကျသင်ယူကာ မိမိတို့၏ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး (ပူးတွဲတာဝန်) ဆရာကြီး ဦးမောင်မောင်အေးက မြို့နယ်အဆင့် ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြသုံးဦးက ကျောင်းစာကြည့်တိုက်များ ပြုစုပျိုးထောင်ခြင်း၊ ကျောင်းစာကြည့်တိုက်လုပ်ငန်း၊ ကျောင်းစာကြည့်တိုက်ဝန်ဆောင်မှု၊ ကျောင်းစာကြည့်တိုက်အသုံးပြုခြင်း၊ လုပ်ငန်းများနှင့် စည်းကမ်းချက်များ၊ ကျောင်းစာကြည့်တိုက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျောင်းစာကြည့်တိုက်လုပ်ငန်းများဆိုင်ရာ ကြီးကြပ်အကဲဖြတ်ခြင်း၊ ဒုဝီဒသမမျိုးတူစု၊ ပညာရပ်နှင့် ရည်ညွှန်းကိုးကားချက်များကို သင်ကြားပေးလျက်ရှိကြောင်းနှင့် သင်တန်းတွင် သင်တန်းသူ ၁၂၅ ဦး တက်ရောက်ကြကြောင်း သိရသည်။



ကြံခင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ဆရာ၊ ဆရာမ သင်တန်းသား၊

**ဖြိုးဝေလင်း(ပြန်/ဆက်)**


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


Myanmar Land and Development Limited
Myanmar Land and Development Limited
Fax
Email; myanmarland2005@gmail.com


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ခိုင်ခံ့စေပါသည်
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
STARMART nine mile Showroom
KHA YAE PIN MART
STARMART MANDALAY Wholesale
STARMART Nay Pyi Taw


NAY PYI TAW
STARMART Nay Pyi Taw
STARMART nine mile Showroom
KHA YAE PIN MART
STARMART MANDALAY Wholesale

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းနှင့် စစ်မှုထမ်းဟောင်းအိမ်ရာ(နေပြည်တော်)တို့အား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၂) တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ (နေပြည်တော်)များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းရုံးခန်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းကျောင်းဆိုင်ရာအချက်အလက်များ၊ စာသင်ဆောင်၊ အိပ်ဆောင်နှင့် စားရိပ်သာများ နေရာချထားမှု၊ လေ့ကျင့်သင်ကြားပေးသည့် ဘာသာရပ်များ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာများနှင့် သင်ကြားမည့် ဆရာ၊ ဆရာမ အင်အားဖြည့်ဆည်းထားရှိမှုအခြေအနေများ၊ ကျောင်းသားများအတွက် ယူနီဖောင်း၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများထောက်ပံ့ပေးထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးရာတွင် ပညာရေးပိုင်းသာမက ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်ကာ ထူးချွန်ထက်မြက်သည့် နိုင်ငံတော်နှင့်တပ်မတော်က အားထားရသော **စာမျက်နှာ ၁၇ ကော်လံ ၁ ■**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အမှတ်(၂) တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း၌ ကျောင်းသားများ တက်ရောက်ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားစဉ်။

# နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ၇ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်ထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများ လွှဲပြောင်းအပ်နှံစဉ်။

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ၇ ဦး၊ စုစုပေါင်း ၂၃ ဦးတို့သည် လက်နက်၊ **စာမျက်နှာ ၂၅ ကော်လံ ၁ ○**

**နေရာကွက်မိုးကြီးမှုနှင့် ထူးကဲဒီရေတက်ချိန် ရေကြီးရေလျှံမှု အထူးသတိပြု** အင်တာဗျူး စာ- ၂၆ သို့

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် တောင်သာဒေသတစ်ဝိုက်စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို **စာမျက်နှာ ၁၆ ကော်လံ ၁ ◆**



ဧြာဝတီဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မိုင်းခတ်ခရိုင်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

**၁၂-၆-၂၀၂၆ မှတ်သားဖွယ်ရာမိုးရေချိန်များ**

| | | | | |
|---|---|---|---|---|
| ကလေးဝ | ၄ | ဒသမ | ၀၂ | လက်မ |
| ဘီးလင်း | ၃ | ဒသမ | ၀၄ | လက်မ |
| ချောင်းဆုံ | ၂ | ဒသမ | ၉၅ | လက်မ |
| ဟုမ္မလင်း | ၂ | ဒသမ | ၆၈ | လက်မ |
| မော်လမြိုင် | ၂ | ဒသမ | ၆၄ | လက်မ |
| ဖြူး | ၂ | ဒသမ | ၆၀ | လက်မ |
| လှည်းကူး | ၂ | ဒသမ | ၅၂ | လက်မ |

**နိုင်ငံတကာသတင်း**

**ဖိလစ်ပိုင်ငလျင်၌ သေဆုံးသူ ၅၅ ဦးအထိ မြင့်တက်လာ၊ ၃၈ ဦးပျောက်ဆုံးနေ** စာ- ၂၃ သို့

**ကန္တာရဒေသများတွင် ဆိုးရွားသောရေကြီးမှုများ ဖြစ်ပွားနိုင်ဟု တရုတ်သတိပေး** စာ- ၂၃ သို့